**မူကြမ်း**

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

**ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးကော်မတီ**

# ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာ

*၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ*

# မာတိကာ


၁. နိဒါန်း ........ 1

၂. အကဲဖြတ်မှုနည်းလမ်း (Methodology) ........ 2

၂.၁ ဆိုးရွားနိုင်ခြေအန္တရာယ်ပုံသေနည်း(Risk Formula)........ 2

၂.၂ ဆိုးရွားနိုင်ခြေအန္တရာယ်အကဲဖြတ်မှုလုပ်ငန်းစဉ်များ ........ 4

၃. ခြုံငုံအကဲဖြတ်ချက်ရလဒ် (Overview of Risk Assessment) ........ 6

၄ ငွေကြေးခဝါချမှုဆိုင်ရာဆိုးရွားနိုင်ခြေအန္တရာယ်ဖြစ်နိုင်ခြေ(ML Likelihood) ခြုံငုံသုံးသပ်ချက် 7

၅. ငွေကြေးခဝါချမှုဆိုင်ရာခြိမ်းခြောက်မှုအကဲဖြတ်ချက် (Threat Assessment) ........ 16

၅.၁ ခြိမ်းခြောက်မှုဖြစ်နိုင်ခြေခြုံငုံသုံးသပ်ချက် (Overview of Threat Likelihood) ........ 17

၅.၁.၁ ကုမ္ပဏီအဖွဲ့အစည်းများအပေါ် တလွဲအသုံးပြုနိုင်မှု(1a) ........ 17

၅.၁.၂ ပြစ်မှုကျူးလွန်ရာမှရရှိသောငွေကြေးနှင့်ပစ္စည်းများပြည်ပသို့စီးထွက်မှု (Outbound Flow of POCs) ........ 21

၅.၁.၃ ပြစ်မှုကျူးလွန်ရာမှရရှိသောငွေကြေးနှင့်ပစ္စည်းများ ပြည်ပသို့စီးထွက်မှု (Outbound Flow of POCs) ........ 21

၆ ငွေကြေးခဝါချမှုဆိုင်ရာအားနည်းချက်အကဲဖြတ်ချက် (Vulnerabilities Assessment)........ 21

၆.၁ အားနည်းချက်ဖြစ်နိုင်ခြေခြုံငုံသုံးသပ်ချက် (Overview of Vulnerabilities Likelihood) ........ 22

၆.၂ ငွေကြေးခဝါချမှုများကို ဖော်ထုတ်သိရှိနိုင်မှုမရှိခြင်း(2a) ........ 23

၆.၂.၁ ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)၏ ပွင့်လင်းမြင်သာမှု(RAM-F)........ 23

၆.၂.၂ ကြီးကြပ်ဆောင်ရွက်ခြင်း (Supervision) (RAM-G) ........ 29

၆.၂.၃ လွှဲပြောင်းဆောင်ရွက်မှု ဆိုင်ရာသတင်းပို့ချက် ပမာဏနှင့် အရည်အသွေး(Transaction Reporting Volume & Quality) (RAM-H)........ 31

၆.၃ ငွေကြေးခဝါချမှုများကိုစုံစမ်းစစ်ဆေးနိုင်မှုမရှိခြင်း (2b) ........ 32

၆.၃.၁ ကုမ္ပဏီအဖွဲ့အစည်းများ၏ မှတ်တမ်းမှတ်ရာများထိန်းသိမ်းခြင်း (Record Keeping) (RAM-I)........ 33

၇ အကျိုးဆက်ဆိုင်ရာခွဲခြမ်းစိတ်ဖြာခြင်း ........................................................................ 33
၇.၁ အကျိုးဆက်ဆိုင်ရာခြုံငုံသုံးသပ်ချက် (Overview of Consequences)........................ 34
၇.၂ ကာလတိုအကျိုးဆက် ........................................................................................ 34
၇.၃ ကာလရှည်အကျိုးဆက် ...................................................................................... 35
၇.၃.၁ ငွေကြေးခဝါချမှုဆိုင်ရာ လူမှုရေးအကျိုးဆက်များ(ML-Social Consequences) .. 36
၇.၃.၂ ငွေကြေးခဝါချမှုဆိုင်ရာ စီးပွားရေးအကျိုးဆက်များ(ML-Economic Consequences)........................................................................................ 36
၇.၃.၃ ငွေကြေးခဝါချမှုဆိုင်ရာ နိုင်ငံရေးအကျိုးဆက်များ(ML-Political Consequences) ........................................................................................ 37
၇.၃.၄ ငွေကြေးခဝါချမှုဆိုင်ရာပထဝီအတိုင်းအတာအကျိုးဆက်များ (ML-Geographical Consequences)........................................................................ 37
၈ နိဂုံး ........................................................................................................ 38

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ အမှာစာ

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ၂၀၁၅ ခုနှစ်တွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးနောက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အနေဖြင့် ဥပဒေပါ လုပ်ငန်းတာဝန်များအရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြည်တွင်း/ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သတင်းဖလှယ်ခြင်း စသည်ဖြင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများကို တက်ကြွစွာအကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပါ တာဝန်သတ်မှတ်ချက်အရလည်းကောင်း၊ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၏ အကြံပြုချက်စံနှုန်းအမှတ်(၁) အရလည်းကောင်း အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးလုပ်ငန်း (National Risk Assessment)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၁၂-၇-၂၀၁၈ ရက်နေ့တွင် အစီရင်ခံစာထုတ်ပြန်နိုင်ခဲ့ပါသည်။

အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာအရ လည်းကောင်း၊ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့(APJG)၏ အကြံပြုချက်များအရလည်းကောင်း ကုမ္ပဏီ အဖွဲ့အစည်းများ (Legal Persons)နှင့်စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ပိုမိုနားလည်သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်သူပညာရှင်များပါဝင်သော ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးကော်မတီကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အမိန့်အမှတ် (၁/၂၀၂၁) ဖြင့် ၃၁-၁၂-၂၀၂၁ ရက်နေ့တွင် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

ဤကော်မတီ၏ ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ပိုမိုနားလည်သိရှိနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ် (AML/CFT Regime) ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ထိရောက်သောမူဝါဒများကို ချမှတ်နိုင်မည်ဖြစ်ပါသည်။

# ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးကော်မတီဥက္ကဋ္ဌ၏ အမှာစာ

ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons) နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးကော်မတီအနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ တာဝန်ပေးအပ်ချက်နှင့်အညီ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ကော်မတီအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာတွင် ပါရှိသည့် ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့်ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ပိုမိုသိရှိနားလည်စေရန်အတွက် လည်းကောင်း၊ မြန်မာနိုင်ငံကဆောင်ရွက်ရမည့် အကောင်အထည်ဖော်ရေးစီမံချက်၏ လက်ငင်းရလဒ်(IO-1)ပါ ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ပိုမိုတိုးတက်နားလည်စေနိုင်ရန်အတွက်လည်းကောင်း ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

ကော်မတီအနေဖြင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာအခက်အခဲရှိခဲ့သော်လည်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ အကဲဖြတ်မှုနည်းပုံစံကိုအသုံးပြုခဲ့ပြီး အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာပါ သတင်းအချက်အလက်များကို အခြေခံ၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် အစည်းအဝေးများပြုလုပ်၍ လည်းကောင်း၊ သဘောထားစစ်တမ်းများကောက်ယူခြင်းမှ ရရှိသော သတင်းအချက်အလက်များနှင့် လွတ်လပ်သော သတင်းအရင်းအမြစ်များကို အသုံးပြု၍ လည်းကောင်း ခွဲခြမ်းစိတ်ဖြာခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ဤကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့်စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာတွင် ကုမ္ပဏီအဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ခြိမ်းခြောက်မှုများ၊ အားနည်းချက်များ၊ ငွေကြေးခဝါချမှုနည်းလမ်းများကို အကဲဖြတ်ဖော်ထုတ်ထားပါသည်။ ဤကော်မတီ၏ အကဲဖြတ်ချက်အစီရင်ခံစာသည် ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons) အတွက် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များ၏ အလားအလာများကို သတိပြုနိုင်မည်ဖြစ်ပြီး ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ကြီးကြပ်ရေးအာဏာပိုင်များ၊ သတင်းပို့အဖွဲ့အစည်းများတွက် အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ သင့်လျော်မှန်ကန်မှုရှိသည့်စံသတ်မှတ်ချက်များ၊ မူဝါဒများ ချမှတ်နိုင်မည် ဖြစ်ပါသည်။

# ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များ

## ၁. နိဒါန်း

၁။ မြန်မာနိုင်ငံတွင် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်မှုလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အစီရင်ခံစာထုတ်ပြန်ခဲ့ပါသည်။ အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာတွင် ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာပွင့်လင်းမြင်သာမှု၊ စည်းမျဉ်းထိန်းချုပ်မှုများနှင့်စပ်လျဉ်း၍ အားနည်းချက်များရှိကြောင်း ဖော်ပြထားသဖြင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ပိုမိုနားလည်သိရှိအောင် ဆောင်ရွက်ရန် လိုအပ်လာပါသည်။

၂။ ထို့အပြင် မြန်မာနိုင်ငံက အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့(APJG)ထံ (၄)လတစ်ကြိမ် ပေးပို့တင်ပြရသည့် အကောင်အထည်ဖော်ရေးစီမံချက်အပေါ် တိုးတက်ဆောင်ရွက်မှုအစီရင်ခံစာပါ လက်ငင်းရလဒ်(IO-1)တွင် မြန်မာနိုင်ငံအနေဖြင့် ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ပိုမိုနားလည်သိရှိအောင် ဆောင်ရွက်ရန် အကြံပြုဖော်ပြထားပါသည်။

၃။ သို့ဖြစ်ရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ၃၁-၁၂-၂၀၂၁ ရက်နေ့တွင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)က အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်ပြီး အဖွဲ့ဝင်(၁၂)ဦးပါဝင်သော "ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးကော်မတီ"ကို အမိန့်အမှတ် (၁/၂၀၂၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၄။ အဆိုပါ ကော်မတီတွင် အစိုးရဌာနများဖြစ်သည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပါဝင်ပြီး ပုဂ္ဂလိကကဏ္ဍများမှ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့ ပါဝင်ပါသည်။

၅။ ကော်မတီအနေဖြင့် ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ပိုမိုနားလည်သိရှိအောင် အကဲဖြတ်ဖော်ထုတ်ရာတွင် ၂၀၁၈ ခုနှစ်၊ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ

ဆိုးရှိုးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာပါ သတင်းအချက်အလက်များ၊ ဆွေးနွေးပွဲရလဒ်များ၊ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များ၊ ကျွမ်းကျင်သူပညာရှင်များ၏ သဘောထားမှတ်ချက်များနှင့် အခြားလွတ်လပ်သော သတင်းအရင်းအမြစ်များကို အသုံးပြု၍ အကဲဖြတ်ဖော်ထုတ်ခဲ့ပါသည်။

## ၂. အကဲဖြတ်မှုနည်းလမ်း (Methodology)

၆။ ဤကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့် ဆိုးရှိုးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းသည် ၂၀၁၈ ခုနှစ်၊ အမျိုးသားအဆင့်ဆိုးရှိုးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာတွင် ဖော်ထုတ်ထားသည့် ဆိုးရှိုးနိုင်ခြေအန္တရာယ်များကို ပိုမိုနားလည်သိရှိအောင် Update ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဆိုးရှိုးနိုင်ခြေအန္တရာယ် အကဲဖြတ်ဖော်ထုတ်စဉ်အတွင်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှု၊ နိုင်ငံရေးအခြေအနေပြောင်းလဲမှုများကြောင့် နည်းပညာအခက်အခဲများ ကြုံတွေ့ခဲ့ရသော်လည်း ကော်မတီမှ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ အကဲဖြတ်မှုနည်းပုံစံကို အခြေခံ၍ အကဲဖြတ်ဖော်ထုတ်ခဲ့ပါသည်။ ထို့အပြင် IMF အကဲဖြတ်မှုနည်းပုံစံအရဆောင်ရွက်ရာတွင် FATF က ထုတ်ပြန်ထားသည့် “FATF Guidance on Terrorist Financing Risk Assessment”၊ “FATF Guidance on Transparency and Beneficial Ownership”၊ “Luxembourg ML/TF Vertical Risk Assessment Legal Persons and Legal Arrangement”၊ “World Bank Legal Persons and Legal Arrangement ML Risk Assessment Tool” စသည့် နိုင်ငံတကာစာတမ်းများကို အသုံးပြုထားပါသည်။

### ၂.၁ ဆိုးရှိုးနိုင်ခြေအန္တရာယ်ပုံသေနည်း(Risk Formula)

၇။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ အကဲဖြတ်မှုနည်းပုံစံအရ ဆိုးရှိုးနိုင်ခြေအန္တရာယ်ဆိုသည်မှာ ငွေကြေးခဝါချမှုဆိုင်ရာ ခြိမ်းခြောက်မှု(Threat)၊ အားနည်းချက်(Vulnerability)များ၏ ဖြစ်နိုင်ခြေ(Likelihood)နှင့် အကျိုးဆက်(Consequence)များ၏ လုပ်ဆောင်ချက်ဖြစ်ပါသည်။




$$R_i = f\,[(t_i)(v_i)]\,(c_i)$$

(ပုံ-၁) ဆိုးရှိုးနိုင်ခြေအန္တရာယ်ဖော်ထုတ်မှုပုံသေနည်း

## (ပုံ-၂) Methodology for Risk Assessment



## ၂.၂ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်မှုလုပ်ငန်းစဉ်များ

၈။ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)၏ ရှိရင်းစွဲဆုံးရှုံးနိုင်ခြေအန္တရာယ်(Inherent Risk)ကို အကဲဖြတ်ဖော်ထုတ်ထားပါသည်။ ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)၏ ရှိရင်းစွဲဆုံးရှုံးနိုင်ခြေအန္တရာယ် (Inherent Risk)ဆိုသည်မှာ ခြိမ်းခြောက်မှု (Threats)နှင့် အားနည်းချက် (Vulnerability)များ၏ လုပ်ဆောင်ချက်ဖြစ်ပါသည်။ ခြိမ်းခြောက်မှု (Threats)နှင့် အားနည်းချက် (Vulnerability)များ၏ ဖြစ်နိုင်ခြေ(Likelihood)များကို ရှိရင်းစွဲဆုံးရှုံးနိုင်ခြေအန္တရာယ် (Inherent Risk)အဖြစ် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ အကဲဖြတ်မှုနည်းလမ်းအတိုင်း ဖော်ထုတ်ထားပါသည်။ ထို့အပြင် ကုမ္ပဏီအဖွဲ့အစည်းများအပေါ် တလွဲအသုံးပြုနိုင်မှုများနှင့် စပ်လျဉ်း၍ Residual Risk များကို အကဲဖြတ်ဖော်ထုတ်ထားပါသည်။

| | Legal Persons Risk |
|---|---|
| Assessment of the Inherent Risk | **Inherent Risk =** Threats x Vulnerabilities |

၉။ ဒုတိယအဆင့်အနေဖြင့် ငွေကြေးခဝါချမှုဆိုင်ရာအကျိုးဆက် (Consequence) များကို နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့အပေါ် ရိုက်ခတ်မှုများကို ခန့်မှန်းဖော်ထုတ်ထားပါသည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ အကဲဖြတ်မှုနည်းပုံစံအရ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အဆင့်များကို အကဲဖြတ်ဖော်ထုတ်ရာတွင် အောက်ပါအတိုင်း အဆင့်(၇)ဆင့်ဖြင့် (Risk Score) အသုံးပြု၍ အကဲဖြတ်ဖော်ထုတ်ခဲ့ပါသည် -

| ဖြစ်နိုင်ခြေဆိုင်ရာ ဖော်ပြချက်များ **Likelihood descriptor** | အကျိုးဆက်ဆိုင်ရာ ဖော်ပြချက်များ **Consequence descriptor** | ဆုံးရှုံးနိုင်ခြေ အန္တရာယ်ဆိုင်ရာ ဖော်ပြချက်များ **Risk descriptor** | စည်းမျဉ်းကြီးကြပ် ထိန်းချုပ်မှု ဆိုင်ရာ ဖော်ပြချက်များ **Controls descriptor** | ပမာဏဆိုင်ရာ ဖော်ပြချက်များ **Scale descriptor** | ရာခိုင်နှုန်း (သို့)အချိုးအစား ဖော်ပြချက်များ **Percentage or proportion descriptor** | ဖော်ပြချက် အဆင့်များ **Indicator score** |
|---|---|---|---|---|---|---|
| အမြင့်ဆုံး Extremely higher | ကြီးမားသည် (သို့) ပြင်းထန်သည် Huge or Severe | အမြင့်ဆုံး Extremely higher | အနည်းဆုံး Abysmal | အလွန်ကြီးမားသည် Very Large | အားလုံး All | 7 |
| ပို၍မြင့်သည် Much higher | ပို၍ အရေးကြီးသည် Very Major | ပို၍မြင့်သည် Much higher | အလွန်နည်းသည် Very poor | ကြီးမားသည် Large | အားလုံးနီးပါး Almost all | 6 |
| မြင့်သည် Higher | အရေးကြီးသည် Major | မြင့်သည် Higher | နည်းပါးသည် Poor | အလယ်အလတ် Medium | တော်တော်များများ Vast majority | 5 |
| အလယ်အလတ် Medium | အသင့်အတင့် Moderate | အလယ်အလတ် Medium | လုံလောက်သည် Adequate | သေးငယ်သည် Small | အများစု Majority | 4 |
| နိမ့်သည် Lower | သေးငယ်သည် Minor | နိမ့်သည် Lower | ကောင်းမွန်သည် Very good | ပို၍သေးငယ်သည် Very small | အချို့ Some | 3 |
| ပို၍နိမ့်သည် Much lower | ပို၍သေးငယ်သည် Very Minor | ပို၍နိမ့်သည် Much lower | ပို၍ကောင်းသည် Excellent | အလွန်သေးငယ်သည် Extremely small | အနည်းငယ် Few | 2 |
| အနိမ့်ဆုံး Very much lower | လျစ်လျူရှုနိုင်သည် Negligible | အနိမ့်ဆုံး Very much lower | အကောင်းဆုံး World Best Practice | Micro အသေးဆုံး | အနည်းဆုံး Almost none | 1 |

**<u>(ပုံ -၃) Pre-Defined Terms</u>**

| စီးပွားရေးလုပ်လုငန်းများဆိုင်ရာအတိုင်း အတာများ Measurement scale for economic activity[1]- | ပြည်တွင်း ပြည်ပ POC ပမာဏ တိုင်းတာချက်များ(မြန်မာငွေ) Measurement scale for DPOC, and international POC flows in local currency | ပြည်တွင်း ပြည်ပ POC ပမာဏတိုင်း တာချက်များ Measurement scale for DPOC, and international POC flows | ပြည်တွင်း ပြည်ပ POC ပမာဏ တိုင်းတာချက်များ(မြန်မာငွေ) Measurement scale for DPOC, and international POC flows in local currency | အကြမ်းဖက်မှုကို ငွေကြေးထောက် ပံ့မှု ငွေကြေး ပမာဏတိုင်း တာချက်များ Measurement scale for FT | အကြမ်းဖက်မှုကို ငွေကြေးထောက် ပံ့မှု ငွေကြေး ပမာဏတိုင်း တာချက်များ (မြန်မာငွေ) Measurement scale for FT in local currency | ရာခိုင်နှုန်းဖြင့် ဖော်ပြချက် များ Scale for percentage of activity | ဖော်ပြ ချက်အ ဆင့်များ Indicator score |
|---|---|---|---|---|---|---|---|
| > $1t | > MMK1,200t | > $100b | > MMK120t | > $10m | > MMK12b | > 95% | 7 |
| > $100b-$1t | > MMK120t-MMK1,200t | > $50b-$100b | > MMK60t-MMK120t | > $5m - $10m | > MMK6b - MMK12b | > 85-95% | 6 |
| > $10b-$100b | > MMK12t-MMK120t | > $10b-$50b | > MMK12t-MMK60t | > $1m - $5m | > MMK1.2b - MMK6b | > 70-85% | 5 |
| > $1b-$10b | > MMK1.2t-MMK12t | > $1b-$10b | > MMK1.2t-MMK12t | > $100,000 - $1m | > MMK120m - MMK1.2b | > 50-70% | 4 |
| > $100m-$1b | > MMK120b-MMK1.2t | > $100m-$1b | > MMK120b-MMK1.2t | > $10,000 - $100,000 | > MMK12m-MMK100m | > 25-50% | 3 |
| > $10m-$100m | > MMK12b-MMK120b | > $10m-$100m | > MMK12b-MMK120b | ≥ $1,000-$10,000 | ≥ MMK1.2m-MMK12m | ≥ 10- 25% | 2 |
| 0-$10m | 0-MMK12b | 0-$10m | 0-MMK12b | 0-$1,000 | 0-MMK1.2m | < 10% | 1 |

## (ပုံ -၄) Pre-Defined Terms

| Likelihood (THREAT+ VULNERABILITIES) | Negligible | Very minor | Minor | Moderate | Major | Very Major | Huge or severe |
|---|---|---|---|---|---|---|---|
| Extremely Higher | 3 | 4 | 5 | 6 | 6 | 7 | 7 |
| Much Higher | 3 | 4 | 5 | 5 | 6 | 6 | 7 |
| Higher | 3 | 4 | 4 | 5 | 5 | 6 | 6 |
| Medium | 2 | 3 | 4 | 4 | 5 | 5 | 6 |
| Lower | 2 | 3 | 3 | 4 | 4 | 5 | 5 |
| Much Lower | 2 | 2 | 3 | 3 | 4 | 4 | 4 |
| Very Much Lower | 1 | 2 | 2 | 2 | 3 | 3 | 3 |

Consequence Level

## (ပုံ - ၅ Risk Matrix)

[1] Bands in US dollars for GDP, imports and exports, etc.

## ၃. ခြုံငုံအကဲဖြတ်ချက်ရလဒ် (Overview of Risk Assessment)

၁၀။ ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်ဖြစ်နိုင်ခြေ(ML Likelihood)နှင့် အကျိုးဆက်ဖြစ်နိုင်ခြေ(Consequences) မြင့်မားခြင်းကြောင့် ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်ကို မြင့်သည် "Higher" ဟု အကဲဖြတ်ထားပါသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ငွေကြေးခဝါချမှုကျူးလွန်ရန်အားထုတ်မှုဖြစ်နိုင်ခြေမြင့်မားခြင်း၊ ငွေကြေးခဝါချသူများအား ဖမ်းဆီးရမိနိုင်မှု မရှိခြင်းဖြစ်နိုင်ခြေ မြင့်မားခြင်းတို့ကြောင့်ဖြစ်ပါသည်။

၁၁။ ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားသည့် မှုခင်းများဖြစ်သည့် အခွန်တိမ်းရှောင်မှုနှင့် အခွန်ဆိုင်ရာပြစ်မှု(Tax & excise evasion)၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတရားမဝင်ကုန်ကူးမှု(Illicit trafficking in narcotic drugs and psychotropic substances)၊ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု(Corruption and bribery)နှင့် လိမ်လည်မှု (Fraud) တို့မှ ထွက်ရှိသော POC များသည် ငွေကြေးခဝါချရန်အတွက် ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)ကို တလွဲအသုံးပြုနိုင်ခြေမြင့်မည်ဟု အကဲဖြတ်ထားပါသည်။

၁၂။ မြန်မာနိုင်ငံတွင် ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)ကို ပြဋ္ဌာန်းထားပြီး NGO၊ INGO များအတွက် ၂၀၂၂ ခုနှစ် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းထားပါသည်။ ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons) အတွက် မှတ်ပုံတင်ဌာနအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနက ဆောင်ရွက်ပါသည်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းကြီးကြပ်ခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)တွင် ကြီးကြပ်ဆောင်ရွက်ခြင်း (Supervision)နှင့် ပွင့်လင်းမြင်သာမှု (Transparency)တို့မှာ အလယ်အလတ်ရှိမည်ဟု အကဲဖြတ်ထားပြီး လွှဲပြောင်းဆောင်ရွက်မှုဆိုင်ရာသတင်းပို့ချက်ပမာဏနှင့် အရည်အသွေး (Transaction Reporting Volume and Quality)နှင့် မှတ်တမ်းမှတ်ရာထိန်းသိမ်းခြင်း (Record Keeping)မှာ အားနည်းသည်ဟု အကဲဖြတ်ထားပါသည်။

၁၃။ NGO၊ INGO များအတွက် မှတ်ပုံတင်ဌာနအဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပြီး ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊ နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှတ်ပုံတင်ရေးအဖွဲ့၊ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ စသည်ဖြင့် မှတ်ပုံတင်ရေးအဖွဲ့များထားရှိပါသည်။ NGO၊ INGO များနှင့်စပ်လျဉ်း၍ ကြီးကြပ်ဆောင်ရွက်ခြင်း (Supervision)နှင့် ပွင့်လင်းမြင်သာမှု(Transparency)၊ လွှဲပြောင်း ဆောင်ရွက်မှုဆိုင်ရာသတင်း ပို့ချက်ပမာဏနှင့် အရည်အသွေး (Transaction Reporting Volume and Quality)နှင့် မှတ်တမ်းမှတ်ရာထိန်းသိမ်းခြင်း (Record Keeping)များမှာ အားနည်းသည်ဟု အကဲဖြတ်ထားပါသည်။

## ၄ ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်ဖြစ်နိုင်ခြေ(ML Likelihood) ခြုံငုံသုံးသပ်ချက်

၁၄။ အကဲဖြတ်မှုလုပ်ငန်းစဉ်အရ ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)တွင် တည်ရှိနေနိုင်သည့် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ် ဖြစ်နိုင်ခြေ(ML Likelihood)အဆင့် သို့မဟုတ် ရှိရင်းစွဲဆုံးရှုံးနိုင်ခြေအန္တရာယ်(Inherent Risk)ကို ဖော်ထုတ်ရာတွင် ခြိမ်းခြောက်မှု (Threats)နှင့် အားနည်းချက် (Vulnerabilities) များကို ပေါင်းစပ်၍ အကဲဖြတ်ထားပါသည်။ ခြိမ်းခြောက်မှုများ ခွဲခြမ်းစိတ်ဖြာခြင်းလုပ်ငန်းစဉ်အရ ခြိမ်းခြောက်မှုအဆင့်ကို **မြင့်သည် "Hihger"**ဟု လည်းကောင်း၊ အားနည်းချက်များ ခွဲခြမ်းစိတ်ဖြာခြင်းလုပ်ငန်းစဉ်အရ အားနည်းချက်အဆင့်ကို မြင့်သည် "Higher" ဟု လည်းကောင်း အကဲဖြတ်ထားသဖြင့် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေ အန္တရာယ်ဖြစ်နိုင်ခြေ(ML Likelihood) အဆင့်ကို **မြင့်သည်"Hihger"** ဟု အကဲဖြတ်ထားပါသည်။

၁၅။ ပြစ်မှုတစ်ခုချင်းအလိုက် ကုမ္ပဏီအဖွဲ့အစည်းများအတွင်းတည်ရှိနေနိုင်သည့် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်ဖြစ်နိုင်ခြေ (ML Likelihood)မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | **Crime Types** | **Vulnerabilities** | | **Overall Likelihood (Inherent Risk)** |
|---|---|---|---|---|
| | | **Legal Persons (Companies+Association)** | **NGO/INGO** | |
| **Threat** | Tax & excise evasion<br>အခွန်တိမ်းရှောင်မှုနှင့် အခွန်ဆိုင်ရာပြစ်မှု | **Higher** | **Higher** | **Higher** |
| | Illicit trafficking in narcotic drugs and psychotropic substances<br>မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်ကုန်ကူးမှု | **Higher** | **Higher** | **Higher** |
| | Corruption and bribery<br>အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု | **Higher** | **Higher** | **Higher** |
| | Fraud<br>လိမ်လည်မှု | **Medium** | **Higher** | **Higher** |
| | **Overall Likelihood (Inherent Risk)** | | | **Higher** |

**ဇယား (၁) : ML Likelihood by crime types**

## ဇယား ၂ -ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်း၍ ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်အကျဉ်းချုပ် (ငွေကြေးခဝါချမှုဖြစ်နိုင်ခြေကို ဖြစ်စေသည့် အဓိက ခြိမ်းခြောက်မှုများနှင့် အားနည်းချက်များ) Risk Summary Matrix – Main Threats and Vulnerabilities Driving ML Likelihood

| ဆုံးရှုံးနိုင်ခြေအန္တရာယ် မြင့်မားသည့်ဖြစ်ရပ်ဖြစ်နိုင်ခြေ High-Level Risk Event Likelihood | ဆုံးရှုံးနိုင်ခြေအန္တရာယ် ဖြစ်ရပ်များအပေါ်အထောက် အပံ့ဖြစ်စေသည့် ဖြစ်ရပ်ဖြစ်နိုင်ခြေ Contributing Risk Event Likelihood | ဆုံးရှုံးနိုင်ခြေအန္တရာယ် ခွဲခြမ်းစိတ်ဖြာမှုမော်ဂျူး Risk Analysis Modules | ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်ကို မြင့်မားစေသည့် အဓိကအကြောင်း အရင်းများ Main Factors Increasing Score | ဆုံးရှုံးနိုင်ခြေအန္တရာယ် အဆင့် လျော့ကျစေသည့် အဓိက အကြောင်း အရင်းများ Main Factors Reducing Score |
|---|---|---|---|---|
| ငွေကြေးခဝါချမှုကျူးလွန်ရန် ကြိုးပမ်းအားထုတ်နိုင်မှု ဖြစ်နိုင်ခြေ<br>1. ML Attempted<br><br>“Higher”<br>5.0 | ကုမ္ပဏီအဖွဲ့အစည်းများ အား တလွဲအသုံးပြုနိုင်မှု<br>1a. Abuse of Leal Person<br>“Higher”<br>5.0 | အခွန်တိမ်းရှောင်မှုမှ ထွက်ရှိသော POC<br>(A) Volume of POC related tax & excise evasion<br>“Higher”<br>5.0 | • ကုမ္ပဏီအဖွဲ့အစည်းများ ပါဝင် ပတ်သက်သည့် မှုခင်းဖော်ထုတ်မှုများနည်းပါးခြင်း။<br>• အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်အစီရင်ခံစာအရ အခွန်တိမ်းရှောင်မှုမှ ထွက်ရှိသော POC များ များပြားခြင်း။<br>• တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• တရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများအနေဖြင့် ငွေကြေးခဝါချမှု များကို စုံစမ်းစစ်ဆေးရာတွင် ကုမ္ပဏီအဖွဲ့အစည်းများနှင့် ယင်းတို့၏ မူရင်းပိုင်ရှင်များကို စုံစမ်းဖော်ထုတ်ခြင်းနှင့် တရားစွဲတင်ပို့ခြင်းဆောင်ရွက်မှုများအားနည်းခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• အကဲဖြတ်မှုအရ ကုမ္ပဏီအဖွဲ့အစည်းများ အတွင်း တည်ရှိနေနိုင်သည့် POC ပမာဏ $10 million to 100 million အကြားရှိမည်ဟု ခန့်မှန်းဖော်ထုတ် ရရှိခြင်း။ | • စီးပွားရေးလုပ်ငန်းများ အခွန်ကို လွယ်ကူစွာ ပေးဆောင်နိုင်ရန် ပြည်တွင်းအခွန်ဦးစီးဌာနမှ အခွန်ပေးဆောင်သူများကို Self- Assessment System ဖြင့် ပေးဆောင်ရန် အားပေးလျှက်ရှိသည်။<br>• အစိုးရက ချေးငွေဆိုင်ရာ အကျိုးခံစားခွင့် များကို ထုတ်ပေးရာတွင် အခွန်ပေးဆောင် ထားသည့် အထောက်အထားများအပေါ် ထည့်သွင်းစဉ်းစားခွင့်ပြုပေးသည့်အတွက် စီးပွားရေးလုပ်ငန်းများ အခွန် ပေးဆောင်လာကြသည်။ |
| | | မူးယစ်မှုမှ ထွက်ရှိသော POC<br>(B)Volume of POC related Illicit Drugs Trafficking (RAM-B | • ကုမ္ပဏီအဖွဲ့အစည်းများပါဝင်ပတ်သက်သည့် မှုခင်းဖော်ထုတ်မှုများနည်းပါးခြင်း။<br>• အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်အစီရင်ခံစာ အရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရား | |

| ဆိုးရွားနိုင်ခြေအန္တရာယ် မြင့်မားသည့်ဖြစ်ရပ်ဖြစ်နိုင်ခြေ High-Level Risk Event Likelihood | ဆိုးရွားနိုင်ခြေအန္တရာယ် ဖြစ်ရပ်များအပေါ်အထောက် အပံ့ဖြစ်စေသည့် ဖြစ်ရပ်ဖြစ်နိုင်ခြေ Contributing Risk Event Likelihood | ဆိုးရွားနိုင်ခြေအန္တရာယ် ခွဲခြမ်းစိတ်ဖြာမှုမော်ဂျူး Risk Analysis Modules | ဆိုးရွားနိုင်ခြေအန္တရာယ်အဆင့်ကို မြင့်မားစေသည့် အဓိကအကြောင်း အရင်းများ Main Factors Increasing Score | ဆိုးရွားနိုင်ခြေအန္တရာယ် အဆင့် လျော့ကျ စေသည့် အဓိက အကြောင်း အရင်းများ Main Factors Reducing Score |
|---|---|---|---|---|
| | | "Higher"<br>5.0 | မဝင်ကုန်ကူးခြင်းမှမှ ထွက်ရှိသော POC များပြားခြင်း။<br>• တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများတွင် AML/ CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• တရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများအနေဖြင့် ငွေကြေးခဝါချမှုများကို စုံစမ်း စစ်ဆေးရာတွင် ကုမ္ပဏီအဖွဲ့အစည်းများနှင့် ယင်းတို့၏ မူရင်း ပိုင်ရှင်များကို စုံစမ်းဖော်ထုတ်ခြင်းနှင့် တရားစွဲ တင်ပို့ခြင်းဆောင်ရွက်မှုများအားနည်းခြင်း။<br>• အကဲဖြတ်မှုအရ ကုမ္ပဏီအဖွဲ့အစည်းများ အတွင်း တည်ရှိနေနိုင်သည့် POC ပမာဏ $10 million to 100 million အကြားရှိမည်ဟု ခန့်မှန်း ဖော်ထုတ် ရရှိခြင်း။ | |
| | | အဂတိလိုက်စားမှုမှ ထွက်ရှိသော POC<br>(C) Volume of POC related Corruption<br>"Higher"<br>5.0 | • ကုမ္ပဏီအဖွဲ့အစည်းများ ပါဝင်ပတ်သက်သည့် မှုခင်းဖော်ထုတ်မှုများနည်းပါးခြင်း။<br>• အမျိုးသားအဆင့် ဆိုးရွားနိုင်ခြေအန္တရာယ် အကဲ ဖြတ်ချက် အစီရင်ခံစာအရ အဂတိလိုက်စားမှုမှ ထွက်ရှိသော POC များ များပြားခြင်း။<br>• တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများတွင် AML/ CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• တရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများအနေဖြင့် ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးရာတွင် ကုမ္ပဏီအဖွဲ့အစည်းများနှင့် ယင်းတို့၏ မူရင်း ပိုင်ရှင်များကို စုံစမ်းဖော်ထုတ်ခြင်းနှင့် တရားစွဲ တင်ပို့ခြင်းဆောင်ရွက်မှုများအားနည်းခြင်း။ | • ကုန်သည်စက်မှုအသင်းချုပ် (စီးပွားရေး လုပ်ငန်း ရှင်များ)သည် တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်းများ ဖြစ်စေရေးနှင့် သဘာဝသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို သက်ဆိုင်ရာ အသင်းအဖွဲ့များဖြင့် ပါဝင်ဖွဲ့စည်းပြီး ငွေကြေး ခဝါချမှု တိုက်ဖျက်ရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အားကျိုးမာန်တက် ပါဝင်ဆောင်ရွက်ခြင်းကြောင့် စီးပွားရေးသမား များသည် ဆိုးရွားနိုင်ခြေအန္တရာယ်အပေါ် ပိုမို နားလည်လာ၍ လိုက်နာ ဆောင်ရွက်လာကြ ပါသည်။ |

| ဆုံးရှုံးနိုင်ခြေအန္တရာယ် မြင့်မားသည့်ဖြစ်ရပ်ဖြစ်နိုင်ခြေ High-Level Risk Event Likelihood | ဆုံးရှုံးနိုင်ခြေအန္တရာယ် ဖြစ်ရပ်များအပေါ် အထောက်အပံ့ဖြစ်စေသည့် ဖြစ်ရပ်ဖြစ်နိုင်ခြေ Contributing Risk Event Likelihood | ဆုံးရှုံးနိုင်ခြေအန္တရာယ် ခွဲခြမ်းစိတ်ဖြာမှုမော်ဂျူး Risk Analysis Modules | ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်ကို မြင့်မားစေသည့် အဓိကအကြောင်း အရင်းများ Main Factors Increasing Score | ဆုံးရှုံးနိုင်ခြေအန္တရာယ် အဆင့် လျော့ကျစေသည့် အဓိက အကြောင်း အရင်းများ Main Factors Reducing Score |
|---|---|---|---|---|
| | | | • ကုမ္ပဏီအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• အကဲဖြတ်မှုအရ ကုမ္ပဏီအဖွဲ့အစည်းများ အတွင်း တည်ရှိနေနိုင်သည့် POC ပမာဏ $10 million to 100 million အကြားရှိမည်ဟု ခန့်မှန်း ဖော်ထုတ်ရရှိခြင်း။ | • မြန်မာနိုင်ငံ အစိုးရသည် ငွေကြေးခဝါချမှုကို မဖြစ်ပေါ်စေရန်၊ အဂတိလိုက်စားမှုကို လျော့ချနိုင်ရန်နှင့် တရားဆင်ကုန်သွယ်မှုများမှ ငွေကြေးခဝါချခြင်းများကို မဖြစ်စေရန် ကုန်စည်များ တင်ပို့ခြင်းကို ပါမစ်ဖြင့် ခွင့်ပြုပြီး ၎င်းကုန်စည်တင်ဆောင်သည့် ယာဉ်ကိုလည်း QR Code စနစ်ဖြင့် ဆောင်ရွက်သောကြောင့် သက်ဆိုင်ရာ အခွန်ဌာန၊ FDA၊ စားသုံးသူကာကွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ထိတွေ့မှုမရှိဘဲ စိစစ်နိုင်အောင်ဆောင်ရွက်ထားပါသည်။<br>• ပို့ကုန်လုပ်ငန်းရှင်များသည် အဆိုပါ စည်းမျဉ်းအပေါ် အပြည့်အဝ လိုက်နာဆောင်ရွက်ကြပါသည်။ |
| | | လိမ်လည်မှုမှ ထွက်ရှိသော POC (D) Volume of POC related Fraud "Higher" 5.0 | • ကုမ္ပဏီအဖွဲ့အစည်းများပါဝင်ပတ်သက်သည့် မှုခင်းဖော်ထုတ်မှုများနည်းပါးခြင်း။<br>• အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်အစီရင်ခံစာအရ လိမ်လည်မှုမှ ထွက်ရှိသော POC များ များပြားခြင်း။<br>• တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• တရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများအနေဖြင့် ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးရာတွင် ကုမ္ပဏီအဖွဲ့အစည်းများနှင့် ယင်းတို့၏ မူရင်းပိုင်ရှင်များကို စုံစမ်းဖော်ထုတ်ခြင်းနှင့် တရားစွဲတင်ပို့ခြင်းဆောင်ရွက်မှုများအားနည်းခြင်း။ | |

| ဆိုးရွားနိုင်ခြေအန္တရာယ် မြင့်မားသည့်ဖြစ်ရပ်ဖြစ်နိုင်ခြေ<br>High-Level Risk Event Likelihood | ဆိုးရွားနိုင်ခြေအန္တရာယ် ဖြစ်ရပ်များအပေါ် အထောက်အပံ့ဖြစ်စေသည့် ဖြစ်ရပ်ဖြစ်နိုင်ခြေ<br>Contributing Risk Event Likelihood | ဆိုးရွားနိုင်ခြေအန္တရာယ် ခွဲခြမ်းစိတ်ဖြာမှုမော်ဂျူး<br>Risk Analysis Modules | ဆိုးရွားနိုင်ခြေအန္တရာယ်အဆင့်ကို မြင့်မားစေသည့် အဓိကအကြောင်း အရင်းများ<br>Main Factors Increasing Score | ဆိုးရွားနိုင်ခြေအန္တရာယ် အဆင့် လျော့ကျစေသည့် အဓိက အကြောင်း အရင်းများ<br>Main Factors Reducing Score |
|---|---|---|---|---|
| | | | • ကုမ္ပဏီအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• အကဲဖြတ်မှုအရ ကုမ္ပဏီအဖွဲ့အစည်းများ အတွင်း တည်ရှိနေနိုင်သည့် POC ပမာဏ $1 million to 10 million အကြားရှိမည်ဟု ခန့်မှန်း ဖော်ထုတ်ရရှိခြင်း။ | |
| | | ထုတ်ကုန်၊ ဝန်ဆောင်မှုများအပေါ် တလွဲအသုံးပြုနိုင်ခြေ<br>(E) Abused of Products and Services<br>"Higher"<br>5.0 | • ကုမ္ပဏီအဖွဲ့အစည်းများတွင် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းများရှိခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများတွင် ငွေလုံးငွေရင်း ကြီးမားသည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှုများ ရှိခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများတွင် ML/TF ဆိုင်ရာ ကိုယ်တိုင်အကဲဖြတ်မှု (Self-Assessment) များ ဆောင်ရွက်မှု မရှိခြင်း။ | • UMFCCI သည် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟို ကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ပုဂ္ဂလိကစီးပွားရေးဘဏ်များနှင့် ကုမ္ပဏီများအကြား ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးနှင့် ပမာဏကြီးမားသော နိုင်ငံခြားငွေများ ပြည်တွင်းသို့ စီးဝင်/ စီးထွက်မှုကို စောင့်ကြည့်စိစစ်နိုင်ရန် တင်ပို့သူများမှ ကုန်စည်တင်ပို့ပြီး ၄၅ ရက်အတွင်း ၎င်းတို့၏ ပို့ကုန်ရငွေများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်း ရှိ/ မရှိ ကို ပူးပေါင်းညှိနှိုင်းဆောင်ရွက် ပေးပါသည်။ |
| ငွေကြေးခဝါချသူများအား ဖမ်းဆီးရမိနိုင်မှုမရှိခြင်း<br>2.Perpetrator not Caught<br><br>"Higher" | ငွေကြေးခဝါချမှုများကို ဖော်ထုတ်သိရှိနိုင်မှုမရှိခြင်း<br>2a.ML not being Detected<br>"Higher"<br>4.5 | ကုမ္ပဏီအဖွဲ့အစည်းများ၏ ပွင့်လင်းမြင်သာမှု<br>(F) Transparency<br>"Higher"<br>4.5 | • ကုမ္ပဏီများ၏ ဖွဲ့စည်းပုံ ကြီးမားရှုပ်ထွေးမှုများ ရှိခြင်း။<br>• နိုင်ငံခြားလုပ်ငန်းခွဲများ ပြည်တွင်းတွင် ရှိခြင်း။ (၃၄)ခုခန့်။ | • ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အင်တာနက် www.mico.dica.gov.mm တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများနှင့် ပတ်သက်၍ ပိုင်ရှင်အမည်၊ ရှယ်ယာရှင်အမည်များ အလွယ်တကူ ကြည့်ရှုနိုင်ခြင်း။ |

| ဆုံးရှုံးနိုင်ခြေအန္တရာယ် မြင့်မားသည့်ဖြစ်ရပ်ဖြစ်နိုင်ခြေ<br>High-Level Risk Event Likelihood | ဆုံးရှုံးနိုင်ခြေအန္တရာယ် ဖြစ်ရပ်များအပေါ် အထောက်အပံ့ဖြစ်စေသည့် ဖြစ်ရပ်ဖြစ်နိုင်ခြေ<br>Contributing Risk Event Likelihood | ဆုံးရှုံးနိုင်ခြေအန္တရာယ် ခွဲခြမ်းစိတ်ဖြာမှုမော်ဂျူး<br>Risk Analysis Modules | ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်ကို မြင့်မားစေသည့် အဓိကအကြောင်း အရင်းများ<br>Main Factors Increasing Score | ဆုံးရှုံးနိုင်ခြေအန္တရာယ် အဆင့် လျော့ကျစေသည့် အဓိက အကြောင်း အရင်းများ<br>Main Factors Reducing Score |
|---|---|---|---|---|
| 5.0 | | | • နိုင်ငံခြားသားအမည်ဖြင့် ဖြစ်စေ၊ နိုင်ငံခြားကုမ္ပဏီအမည်ဖြင့် ဖြစ်စေ ကုမ္ပဏီ တည်ထောင်ထားမှုများပြားခြင်း။ (၄၀ဖ)ခုခန့်။<br>• သက်တမ်းကျော်လွန်ခြင်းမရှိသော Shell Companies များ ရှိသည်ကို မှုခင်း များတွင် တွေ့ရှိရခြင်း။<br>• အမည်အတု၊ မှတ်ပုံတင်အတုများဖြင့် ကုမ္ပဏီများ တည်ထောင်မှု ရှိသည်ကို ဖော်ထုတ်သိရှိရခြင်း။<br>• ပြည်ပကုမ္ပဏီများ၏ အမည်များဖြင့် ဆင်တူသော အမည်များဖြင့် ကုမ္ပဏီများတည်ထောင်ခြင်း။<br>• ကုမ္ပဏီများမှတ်ပုံတင်ရာ၌ တင်ပြသည့် အထောက်အထားစာရွက်စာတမ်းများအား အတည်ပြုခြင်း (Verification) လုပ်ငန်းစဉ်ကို တိုးမြှင့်ဆောင် ရွက်ရန် လိုအပ်ခြင်း၊<br>• NGO/INGO များ၏ အကျိုးခံစားခွင့်ရှိသူပိုင်ရှင် ပြောင်းလဲမှုနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ ရယူနိုင်မှုနည်းပါးခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများနှင့် ယင်းတို့၏မူရင်းပိုင်ရှင်များအပေါ် ပြစ်မှုကြောင်းအရ တာဝန်ရှိစေမှု (Criminal Liability)ဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေမှ တစ်ပါး အခြားတည်ဆဲဥပဒေများတွင် အတိအလင်းပြဋ္ဌာန်းထားမှု မရှိခြင်း။ | • ဥပဒေအရ အစုရှယ်ယာပိုင်ဆိုင်သူ (Share Holder)ကိုသာ ခွင့်ပြုထားပြီး အမည်ခံ ရှယ်ယာ (Nominee Share)များကို ခွင့်ပြု မထားခြင်း။<br>• အမည်ခံဒါရိုက်တာများ ခွင့်မပြုကြောင်းနှင့် ကုမ္ပဏီတွင်ပါဝင်သူများကို အမည်ခံ အစုရှယ်ယာရှင်များအဖြစ် ခွင့်မပြုကြောင်း” ညွှန်ကြားချက်ထုတ်ပြန်ထားရှိ ခြင်း။<br>• မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇) ပုဒ်မ ၁၁၃ အရ ကုမ္ပဏီ၏ အစုရှယ်ယာမတည် ငွေရင်း ပြောင်းလဲပါက ၂၁ ရက်အတွင်း မှတ်ပုံတင်အရာရှိထံ တင်ပြရခြင်း။<br>• ကုမ္ပဏီများ၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက် ပြောင်းလဲမှုရှိပါက အကြောင်းကြားရခြင်း။<br>• ၂၀၂၂ ခုနှစ် အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၇ နှင့် ၁၇ တို့အရ NGO၊ INGO များ မှတ်ပုံတင်ရာတွင် အကျိုးခံစားခွင့် ရှိသူပိုင်ရှင်ဆိုင်ရာ အချက်အလက်များဖော်ပြရန် ပြဋ္ဌာန်းပါရှိခြင်း။ |

| ဆိုးရွားနိုင်ခြေအန္တရာယ် မြင့်မားသည့်ဖြစ်ရပ်ဖြစ်နိုင်ခြေ High-Level Risk Event Likelihood | ဆိုးရွားနိုင်ခြေအန္တရာယ် ဖြစ်ရပ်များအပေါ်အထောက် အပံ့ဖြစ်စေသည့် ဖြစ်ရပ်ဖြစ်နိုင်ခြေ Contributing Risk Event Likelihood | ဆိုးရွားနိုင်ခြေအန္တရာယ် ခွဲခြမ်းစိတ်ဖြာမှုမော်ဂျူး Risk Analysis Modules | ဆိုးရွားနိုင်ခြေအန္တရာယ်အဆင့်ကို မြင့်မားစေသည့် အဓိကအကြောင်း အရင်းများ Main Factors Increasing Score | ဆိုးရွားနိုင်ခြေအန္တရာယ် အဆင့် လျော့ကျ စေသည့် အဓိက အကြောင်း အရင်းများ Main Factors Reducing Score |
|---|---|---|---|---|
| | | ကြီးကြပ်ဆောင်ရွက်ခြင်း (G) Supervision<br><br>"Higher"<br>4.5 | • ကြီးကြပ်ရေးအာဏာပိုင်များ၏ AML/CFT ကွင်းဆင်းစစ်ဆေးမှုနည်းပါးခြင်း။<br>• ကုမ္ပဏီများမှတ်ပုံတင်ရာတွင် Online တွင် အလွယ်တကူဆောင်ရွက်နိုင်ခြင်း။<br>• ကုမ္ပဏီထူထောင်စဉ် မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ စာရွက်စာတမ်းများကို မှန်ကန်ခြင်းရှိမရှိ စစ်ဆေးနိုင်မှုအားနည်းခြင်း။<br>• ကုမ္ပဏီများထူထောင်မှတ်ပုံတင်ရာတွင် နိုင်ငံတော်မှ ကောက်ခံသည့် အခကြေးငွေနည်းပါး၍ ကုမ္ပဏီအများအပြား အလွယ်တကူမှတ်ပုံတင်နိုင်ခြင်း။<br>• မှတ်ပုံတင်ထားသည့် အချက်အလက်များနှင့် စပ်လျဉ်း၍ မြေပြင်တွင် ကွင်းဆင်းစစ်ဆေးမှု မရှိခြင်း။<br>• ပြည်တွင်းပူးပေါင်းဆောင်ရွက်မှု (Domestic Cooperation) နည်းပါးခြင်း။ | • ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်ဌာနအဖြစ် ဆောင်ရွက်ခြင်း။<br>• အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက NGO၊ INGO များအား မှတ်ပုံတင်ဌာနအဖြစ် ဆောင်ရွက်ခြင်း။ (တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စသည်ဖြင့် ဒေသအလိုက်)<br>• NGO၊ INGO များအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းများ အလွဲအသုံးချမခံရစေရေး ညွှန်ကြားချက်ထုတ်ပြန်ထားခြင်း။<br>• DNFBPs များအလိုက် ကြီးကြပ်ရေးအာဏာပိုင်သတ်မှတ်ထားမှုရှိခြင်း။<br>• ကြီးကြပ်ရေးအာဏာပိုင်များပါဝင်သော အုပ်စုလိုက်ပူးပေါင်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်း ထားရှိမှုရှိခြင်း။<br>• ကြီးကြပ်ရေးအာဏာပိုင်များတွင် ကွင်းဆင်းစစ်ဆေးမည့် လုပ်ငန်းစဉ်များရှိခြင်း။ |
| | | လွှဲပြောင်းဆောင်ရွက်မှုဆိုင်ရာသတင်းပို့ချက် ပမာဏနှင့်အရည်အသွေး (H) Transaction Reporting Volume & Quality | • FIU က ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပတ်သက်သည့် လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်များ လက်ခံရရှိမှုနည်းပါးခြင်း။ | • ကြီးကြပ်ရေးအာဏာပိုင်များက AML/CFT ဆိုင်ရာ အသိပညာပေး လုပ်ငန်းများဆောင် ရွက်ခြင်း။<br>• ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က လုပ်ငန်းများ၊ အသင်းအဖွဲ့များအား AML/CFT ဆိုင်ရာ အသိပညာပေးခြင်း။ |

| ဆုံးရှုံးနိုင်ခြေအန္တရာယ် မြင့်မားသည့်ဖြစ်ရပ်ဖြစ်နိုင်ခြေ High-Level Risk Event Likelihood | ဆုံးရှုံးနိုင်ခြေအန္တရာယ် ဖြစ်ရပ်များအပေါ် အထောက်အပံ့ဖြစ်စေသည့် ဖြစ်ရပ်ဖြစ်နိုင်ခြေ Contributing Risk Event Likelihood | ဆုံးရှုံးနိုင်ခြေအန္တရာယ် ခွဲခြမ်းစိတ်ဖြာမှုမော်ဂျူး Risk Analysis Modules | ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်ကို မြင့်မားစေသည့် အဓိကအကြောင်း အရင်းများ Main Factors Increasing Score | ဆုံးရှုံးနိုင်ခြေအန္တရာယ် အဆင့် လျော့ကျစေသည့် အဓိက အကြောင်း အရင်းများ Main Factors Reducing Score |
|---|---|---|---|---|
| | | "Higher"<br>5.0 | • အသင်းအဖွဲ့များနှင့် ပတ်သက်သည့် သံသယဖြစ်ဖွယ်လွှဲပြောင်း ဆောင်ရွက်မှု သတင်းပို့ချက်များ လက်ခံရရှိမှုနည်းပါးခြင်း၊<br>• လုပ်ငန်းများတွင် STR ပေးပို့ခြင်းများနှင့် စပ်လျဉ်း၍ အသိပညာနည်းပါးခြင်း။<br>• လုပ်ငန်းများတွင် ကိုယ်ပိုင် ML/TF Risk Assessment ဆောင်ရွက်မှု မရှိခြင်း။<br>• သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း လုပ်ငန်းစဉ်အား ဆောင်ရွက်ရာတွင် မူရင်းပိုင်ရှင်ဆိုင်ရာ စိစစ်ဆောင်ရွက်မှုများ အားနည်းခြင်း။ | • ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်အမှတ် (၁၃၆/ ၂၀၂၁) အရ ကုမ္ပဏီ/ အဖွဲ့အစည်းများအနေဖြင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် မိမိတို့ ကုမ္ပဏီ/အဖွဲ့အစည်းအမည်ဖြင့် သီးခြားဘဏ်ငွေစာရင်း (Corporate Account)များ ဖွင့်လှစ်ဆောင်ရွက်ရန် ညွှန်ကြားထားပြီး ယခင်ရှိခဲ့သော Personal Bank Account များဖြင့် စီးပွားရေးလုပ်ကိုင်နေခြင်းနှင့် ပြည်တွင်း/ ပြည်ပ ငွေကြေးအမြောက်အမြား လွှဲပြောင်းခြင်းကို တားမြစ်ထားသည်။<br>• မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ၊ ပုဂ္ဂလိက ဘဏ်များ၊ UMFCCI နှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်း၍ အသိပညာပေးခြင်း၊ ချိတ်ဆက်ဆောင်ရွက်ပေးခြင်းတို့ကြောင့် ယခင်ရှိခဲ့သော Personal Bank Account မှ Corporate Account သို့ ပြောင်းလဲလုပ်ကိုင်လာကြပါသည်။ |
| | 2.b ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးနိုင်မှုမရှိခြင်း<br>ML not being Investigated<br>"Higher"<br>5.0 | ကုမ္ပဏီအဖွဲ့အစည်းများ၏ မှတ်တမ်းမှတ်ရာများ ထိန်းသိမ်းခြင်း<br>(I) Record Keeping<br><br>"Higher" | • ကုမ္ပဏီမှတ်ပုံတင် စာရင်းများနှင့် အညွှန်းစာရင်းများ (Notice of Location of Company registers and indexes) ထိန်းသိမ်းမှုနှင့် စပ်လျဉ်း၍ အခြားအဖွဲ့အစည်းတစ်ခုခုတွင် ထိန်းသိမ်းခွင့်ရှိခြင်း။ (ဥပမာ- Company Service Provider) ကြောင့် မှတ်တမ်းများကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုရန် အားနည်းခြင်း။ | • ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီလိပ်စာ၊အစုရှယ်ယာပိုင်ဆိုင်မှု၊ ကုမ္ပဏီ၏ အခွင့်အာဏာများနှင့် စပ်လျဉ်း၍ Electronic မှတ်ပုံတင်စနစ်ရှိခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများတွင် မှတ်တမ်းများ ထိန်းသိမ်းရန် ဥပဒေပြဋ္ဌာန်းချက်ရှိခြင်း။ |

| ဆုံးရှုံးနိုင်ခြေအန္တရာယ် မြင့်မားသည့်ဖြစ်ရပ်ဖြစ်နိုင်ခြေ High-Level Risk Event Likelihood | ဆုံးရှုံးနိုင်ခြေအန္တရာယ် ဖြစ်ရပ်များအပေါ် အထောက် အပံ့ဖြစ်စေသည့် ဖြစ်ရပ်ဖြစ်နိုင်ခြေ Contributing Risk Event Likelihood | ဆုံးရှုံးနိုင်ခြေအန္တရာယ် ခွဲခြမ်းစိတ်ဖြာမှုမော်ဂျူး Risk Analysis Modules | ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်ကို မြင့်မားစေသည့် အဓိကအကြောင်း အရင်းများ Main Factors Increasing Score | ဆုံးရှုံးနိုင်ခြေအန္တရာယ် အဆင့် လျော့ကျ စေသည့် အဓိက အကြောင်း အရင်းများ Main Factors Reducing Score |
|---|---|---|---|---|
| | | 5.0 | • ကုမ္ပဏီများ၏ နှစ်ချုပ်အစီရင်ခံစာများ အပေါ် AML/CFT ဆိုင်ရာ စစ်ဆေးကြီးကြပ်မှု အားနည်းခြင်း။<br>• ကွင်းဆင်းစစ်ဆေးချက်များအရ လုပ်ငန်းများတွင် မှတ်တမ်းထိန်းသိမ်းရာ၌ ပြည့်စုံမှု မရှိကြောင်း စစ်ဆေးတွေ့ရှိရခြင်း။<br>• လုပ်ငန်းများတွင် AML/CFT ဆိုင်ရာအသိပညာ အားနည်းခြင်း။<br>• NGO၊ INGOs များအပေါ် AML/CFT ဆိုင်ရာ စစ်ဆေး ကြီးကြပ်မှု နည်းပါးခြင်း။ | • စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံ ကုမ္ပဏီဥပဒေအပေါ် အပြည့်အဝ လိုက်နာ၍ ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများ၊ ငွေစာရင်း ရှင်းတမ်းများနှင့် ဒါရိုက်တာအဖွဲ့ အစည်းအဝေး မှတ်တမ်းများကို တင်ပြ ပါသည်။ |

## ၅. ငွေကြေးခဝါချမှုဆိုင်ရာခြိမ်းခြောက်မှုအကဲဖြတ်ချက် (Threat Assessment)

၁၆။ ငွေကြေးခဝါချမှု နယ်ပယ်တွင် ငွေကြေးခဝါချမှုဆိုင်ရာခြိမ်းခြောက်မှု (ML Threats) များ ဆိုသည်မှာ ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းများ တည်ရှိနေခြင်းကို မှတ်ယူပါသည်။ ထို့အပြင် FATF ၏ "Guidance on national ML/TF risk assessment" တွင် ခြိမ်းခြောက်မှုနှင့်စပ်လျဉ်း၍ လူပုဂ္ဂိုလ် သို့မဟုတ် လူအစု၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအပေါ် ထိခိုက်စေနိုင်မည့်အရာများ သို့မဟုတ် လုပ်ဆောင်ချက်များဟု ဖော်ပြထားပါသည်။ ငွေကြေးခဝါချမှု နယ်ပယ်တွင် ဒုစရိုက်သမားများ၊ အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့ကို ထောက်ပံ့သူများ၊ ၎င်းတို့၏ ရန်ပုံငွေများအပြင် လက်ရှိနှင့်အနာဂတ်တွင်ဆောင်ရွက်မည့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု ဆောင်ရွက်ချက်များပါဝင်ပါသည်။

၁၇။ ခြိမ်းခြောက်မှုများကို အကဲဖြတ်ခြင်းဆောင်ရွက်ရာတွင် ၂၀၁၈ ခုနှစ် အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်ရလဒ်များကို အခြေခံ၍လည်းကောင်း၊ ထပ်မံ Update ပြုလုပ်၍ လည်းကောင်း၊ သဘောထားစစ်တမ်းများ၊ သက်ဆိုင်ရာဌာနများမှ ပညာရှင်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိသော အချက်အလက်များကို ပေါင်းစပ်၍ လည်းကောင်း အကဲဖြတ်ဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်းမေးခွန်းလွှာများကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်(မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး)၊ မှုခင်းရဲတပ်ဖွဲ့၊ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့ အပါအဝင် ပြည်တွင်းပြည်ပရှိ ကျွမ်းကျင်သူပညာရှင်များထံ ဖြန့်ဝေခဲ့ရာ စစ်တမ်း(၁၀၀)ခု စုဆောင်းရရှိခဲ့ပါသည်။

၁၈။ ၂၀၁၈ ခုနှစ် အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာအရ အခွန်တိမ်းရှောင်မှုနှင့် အခွန်ဆိုင်ရာပြစ်မှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာစေသည့် ပြစ်မှု၊ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု၊ အခြားအကျိုးအမြတ်များရရှိစေသည့် ပြစ်မှု၊ ကုန်ပစ္စည်းအတုပြုလုပ်မှုနှင့် မူပိုင်ခွင့်ချိုးဖောက်မှု၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတရားမဝင်ကုန်ကူးမှု၊ လိမ်လည်မှုတို့ကို POC အများဆုံးထွက်ရှိသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားသည့်မှုခင်း(High Risk Crimes)များဟု အကဲဖြတ်ဖော်ထုတ်ထားပါသည်။ ဤလုပ်ငန်းစဉ်အရ POC ပမာဏများအား အကဲဖြတ်ဖော်ထုတ်ရာတွင် ၂၀၂၂ ခုနှစ်တွင် တည်ရှိခဲ့သည့် အမေရိကန်ဒေါ်လာငွေစျေးနှုန်းအပေါ် အသုံးပြုတွက်ချက်ထားပါသည်။

## ၅.၁ ခြိမ်းခြောက်မှုဖြစ်နိုင်ခြေခြုံငုံသုံးသပ်ချက် (Overview of Threat Likelihood)

၁၉။ ငွေကြေးခဝါချမှုကျူးလွန်ရန်ကြိုးပမ်းအားထုတ်နိုင်မှု ဖြစ်နိုင်ခြေမြင့်သည်ဟု ဖော်ထုတ်အကဲဖြတ်ထားသည့်အတွက် ခြိမ်ခြောက်မှုဖြစ်နိုင်ခြေကို မြင့်သည် "Higher"ဟု အကဲဖြတ်ထားပါသည်။ ငွေကြေးခဝါချမှုကျူးလွန်ရန်ကြိုးပမ်းအားထုတ်နိုင်မှုဖြစ်နိုင်ခြေ မြင့်မားရခြင်းမှာ ကုမ္ပဏီအဖွဲ့အစည်းများအား တလွဲအသုံးပြုနိုင်မှုဖြစ်နိုင်ခြေကို မြင့်သည်ဟု အကဲဖြတ်ထားသောကြောင့်ဖြစ်ပါသည်။

### ၅.၁.၁ ကုမ္ပဏီအဖွဲ့အစည်းများအပေါ် တလွဲအသုံးပြုနိုင်မှု(1a)

၂၀။ ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားသည့် အခွန်တိမ်းရှောင်မှု(RAM-A)၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများတရားမဝင်ကုန်ကူးမှု(RAM-B)၊ အဂတိလိုက်စားမှုနှင့်လာဘ်ပေးလာဘ်ယူမှု(RAM-C)တို့အပြင် လိမ်လည်မှု(RAM-D)တို့မှ ထွက်ရှိသော POC များ ကုမ္ပဏီအဖွဲ့အစည်းများအတွင်း တည်ရှိနိုင်မှုပမာဏ မြင့်မားခြင်း၊ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများအပေါ် တလွဲအသုံးပြုနိုင်ခြေ(RAM-E)မြင့်မားခြင်း တို့ကြောင့် ကုမ္ပဏီအဖွဲ့အစည်းများအပေါ် အလွဲအသုံးချမှုဖြစ်နိုင်ခြေမြင့်သည် "Higher"ဟု အကဲဖြတ်ထားပါသည်။ ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်စေသည့်အဓိကအကြောင်းအရင်း (Main Increasing Factors)များမှာ အောက်ပါအတိုင်းဖြစ်မည်ဟု အကဲဖြတ်ထားပါသည် -

(က) အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာအရ အခွန်တိမ်းရှောင်မှု၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများတရားမဝင်ကုန်ကူးမှု၊ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူ မှုတို့အပြင် လိမ်လည်မှုတို့မှ ထွက်ရှိသော POC များ များပြားခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း၊

(ဂ) အကဲဖြတ်မှုအရ ကုမ္ပဏီအဖွဲ့အစည်းများအတွင်း POC ပမာဏ $10 million to 100 million အကြားရှိမည်ဟု အကဲဖြတ်ရရှိခြင်း၊

(ဃ) ကုမ္ပဏီအဖွဲ့အစည်းများပါဝင်ပတ်သက်သည့် မှုခင်းဖော်ထုတ်မှုများနည်းပါးခြင်း၊

(င) တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအနေဖြင့် ငွေကြေးခဝါချမှုများကိုစုံစမ်းစစ်ဆေးရာတွင် ကုမ္ပဏီအဖွဲ့အစည်းများနှင့် ယင်းတို့၏ မူရင်းပိုင်ရှင်များကိုစုံစမ်းဖော်ထုတ်ခြင်းနှင့် တရားစွဲတင်ပို့ခြင်း ဆောင်ရွက်မှုများအားနည်းခြင်း၊

(စ) ကုမ္ပဏီအဖွဲ့အစည်းမျးတွင် နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်မှုများရှိ သဖြင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို တလွဲအသုံးပြုနိုင်ခြေရှိခြင်း၊

(ဆ) ကုမ္ပဏီအဖွဲ့အစည်းများတွင် ငွေလုံးငွေရင်းကြီးမားသည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှုများရှိခြင်း၊

(ဇ) ကုမ္ပဏီအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်းနှင့် ကိုယ်တိုင်အကဲဖြတ်မှု (Own Risk Assessment) မရှိခြင်း။

၂၁။ အောက်ပါဇယားတွင် ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားသည့်မှုခင်းများအလိုက် ကုမ္ပဏီအဖွဲ့အစည်းများအတွင်း တည်ရှိနေနိုင်သည့် POC ပမာဏကို ခန့်မှန်းဖော်ထုတ်ထားပါသည်-

| Crime Type | National Risk Assessment Data (2018) | Legal Persons Assessment Data (2022) |
|---|---|---|
| | $ Band | $ Band |
| အခွန်တိမ်းရှောင်မှုနှင့် အခွန်ဆိုင်ရာပြစ်မှု<br>Tax & excise evasion | $1 billion to $10 billion | $10 million to 100 million |
| မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ကုန်ကူးမှု<br>Illicit trafficking in narcotic drugs and psychotropic substances | $1 billion to $10 billion (lower quartile) | $10 million to 100 million |
| အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု<br>Corruption and bribery | $1 billion to $10 billion | $10 million to 100 million |
| လိမ်လည်မှု<br>Fraud | $100 million to $1 billion | $1 million to 10 million |

**ဇယား (၃) ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားသည့်ပြစ်မှုအမျိုးအစားအလိုက် POC ပမာဏ**

၂၂။ အောက်ဖော်ပြပါဇယားတွင် ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်စပ်လျဉ်း၍ အများဆုံး သက်ဆိုင်သည့် ခြိမ်းခြောက်မှုများကို အကျဉ်းဖော်ပြထားပါသည်။

| ခြိမ်းခြောက်မှု<br>Threat | ကုမ္ပဏီအဖွဲ့အစည်းများနှင့် ဆက်နွယ်မှု<br>Relevance to legal persons |
|---|---|
| **Tax & excise evasion**<br>အခွန်တိမ်းရှောင်မှုနှင့် အခွန်ဆိုင်ရာပြစ်မှု | • ကုမ္ပဏီအဖွဲ့အစည်းများသည် ရှုပ်ထွေးသော၊ ပွင့်လင်းမြင်သာမှုမရှိသော ဖွဲ့စည်းပုံများ ပြုလုပ်နိုင်ပြီး ၎င်းဖွဲ့စည်းပုံများကို အသုံးပြု၍ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်နှင့် အခွန်တိမ်းရှောင်မှုမှရသော POC များကို ဖုံးကွယ်နိုင်ခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများပါဝင်ပတ်သက်သည့် မှုခင်းဖော်ထုတ်မှုများနည်းပါးခြင်း။<br>• အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာအရ အခွန်တိမ်းရှောင်မှုမှ ထွက်ရှိသော POC များ များပြားခြင်း။<br>• တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• အကဲဖြတ်မှုအရ ကုမ္ပဏီအဖွဲ့အစည်းများ အတွင်း တည်ရှိနေနိုင်သည့် POC ပမာဏ $10 million to 100 million အကြားရှိမည်ဟု ခန့်မှန်းဖော်ထုတ်ရရှိခြင်း။<br>• အခွန်လျှော့နည်းစေရန် စာရင်းကိုင်(ကျွမ်းကျင်သူများ)များကို အသုံးပြု၍ အခွန်တိမ်းရှောင်နိုင်ခြင်း။<br>• Customer နှင့် Deal လုပ်၍ အခွန်လျော့နည်းစေရန် ဆောင်ရွက်နိုင်ခြင်း။<br>• အရောင်းအဝယ်စာချုပ်(Sale Contract) ချုပ်ရာတွင် မူရင်းတန်ဖိုးထက် လျှော့ချုပ်၍ အခွန်လျော့နည်းစေရန် ဆောင်ရွက်၍ အခွန်တိမ်းရှောင်ခြင်း။<br>• ကုန်ပစ္စည်းများတင်သွင်း/တင်ပို့ရာတွင် လွဲမှားစွာကြေညာ၍ အခွန်လျော့နည်းစေရန် ဆောင်ရွက်ခြင်း။ |

| | |
|---|---|
| **Illicit trafficking in narcotic drugs and psychotropic substances**<br>မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ တရား မဝင်ကုန်ကူးမှု | • ကုမ္ပဏီအဖွဲ့အစည်းများအား ပစ္စည်းပိုင်ဆိုင်သူအဖြစ်ဖော်ပြခြင်းဖြင့် အသုံးပြုနိုင်ခြင်း။ (**ဥပမာ**- မူးယစ်ဆေးဝါးအမှုမှရရှိသောငွေကြေးဖြင့် ဝယ်ယူထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကျိုးခံစားခွင့်ရှိသူပိုင်ရှင်(BO)အမည် ဖုံးကွယ်ရန်အတွက် ကုမ္ပဏီအဖွဲ့အစည်းများ၏ အမည်များကိုအသုံးပြုခြင်း။)<br>• မူးယစ်ဆေးဝါးမှုခင်းများမှရရှိသောငွေကြေးများကို တရားဝင်သောနည်း လမ်းဖြင့် ရရှိသော ငွေကြေးများအဖြစ် ဖုံးကွယ်ရန်အတွက် ကုမ္ပဏီများ တည်ထောင်ထားခြင်း။<br>• မူးယစ်မှုမှရရှိသောငွေကြေးနှင့်ပစ္စည်းများကို ကုမ္ပဏီအဖွဲ့အစည်းများ၏ တရားဝင် စီးပွားရေးလုပ်ငန်းများတွင် ရောနှော၍ အသုံးပြုနိုင်ခြင်း။<br>• မူးယစ်မှုမှရရှိသောငွေကြေးများကို ကုမ္ပဏီငွေစာရင်းအစား ကုမ္ပဏီတွင်ပါဝင်သူများ၏ အမည်ဖြင့် ငွေစာရင်းများဖွင့်လှစ်အသုံးပြုခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများပါဝင်ပတ်သက်သည့် မှုခင်းဖော်ထုတ်မှုများနည်းပါးခြင်း။<br>• အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်အစီရင်ခံစာအရ မူးယစ်ဆေးဝါး အမှုမှ ထွက်ရှိသော POC များ များပြားခြင်း။<br>• တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• အကဲဖြတ်မှုအရ ကုမ္ပဏီအဖွဲ့အစည်းများ အတွင်း တည်ရှိနေနိုင်သည့် POC ပမာဏ $10 million to 100 million အကြားရှိမည်ဟု ခန့်မှန်းဖော်ထုတ်ရရှိခြင်း။ |
| **Corruption and bribery**<br>အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု | • အဂတိလိုက်စားမှုနှင့် အကျင့်ပျက်ခြစားမှုများသည် ကုမ္ပဏီအဖွဲ့အစည်းများနှင့် အသင်း အဖွဲ့များနှင့် မကြာခဏ ဆက်စပ်ပတ်သတ်မှုရှိနိုင်ခြင်း။<br>• အဂတိလိုက်စားသူနှင့် ပတ်သက်သော ဆွေမျိုးသားချင်း၊ မိသားစုဝင်များ၊ Third Party များ (အခြားသူ) ပိုင်ဆိုင်သော ကုမ္ပဏီများမှတစ်ဆင့် လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများထံ သတင်းအချက်အလက်များပေးအပ်၍ ငွေကြေး/ ပစ္စည်းများ ရယူခြင်းဖြင့် အဂတိလိုက်စားခြင်း။<br>• အဂတိလိုက်စားသူပိုင်ဆိုင်သော ကုမ္ပဏီမှတစ်ဆင့် လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် လုပ်ပိုင်ခွင့်ရှိသူထံ တံစိုးလက်ဆောင်များပေးအပ်၍ လုပ်ပိုင်ခွင့်များ ရယူခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများပါဝင်ပတ်သက်သည့် မှုခင်းဖော်ထုတ်မှုများ နည်းပါးခြင်း။<br>• အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာအရ အဂတိလိုက်စားမှုမှ ထွက်ရှိသော POC များ များပြားခြင်း။<br>• တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာ နည်းပါးခြင်း။<br>• Regulator များတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• အကဲဖြတ်မှုအရ ကုမ္ပဏီအဖွဲ့အစည်းများ အတွင်း တည်ရှိနေနိုင်သည့် POC ပမာဏ $10 million to 100 million အကြားရှိမည်ဟု ခန့်မှန်း ဖော်ထုတ် ရရှိခြင်း။ |
| **Fraud**<br>လိမ်လည်မှု | • ကုမ္ပဏီအဖွဲ့အစည်းများကို အသုံးပြု၍ လိမ်လည်မှုများ ကျူးလွန်နိုင်ခြင်း။<br>• လိမ်လည်မှုများမှရရှိသော POC များကို ကုမ္ပဏီအဖွဲ့အစည်းများထံ လွှဲပြောင်း၍ တရားဝင် လုပ်ငန်းများမှရရှိသော ငွေကြေးများဖြစ်ကြောင်း ပြုလုပ် နိုင်ခြင်း။<br>• ကုမ္ပဏီအဖွဲ့အစည်းများပါဝင်ပတ်သက်သည့် မှုခင်းဖော်ထုတ်မှုများနည်းပါးခြင်း။<br>• အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာအရ လိမ်လည်မှုမှ ထွက်ရှိသော POC များ များပြားခြင်း။<br>• တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• Regulators များတွင် AML/CFT ဆိုင်ရာ အသိပညာနည်းပါးခြင်း။<br>• လိမ်လည်လိုသည့်ရည်ရွယ်ချက်ဖြင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်(BO)အား ဖုံးကွယ်ရန် လက်အောက်ခံ ကုမ္ပဏီများ အဆင့်ဆင့် ဖွင့်လှစ်အသုံးပြုခြင်း။<br>• အကဲဖြတ်မှုအရ ကုမ္ပဏီအဖွဲ့အစည်းများ အတွင်း တည်ရှိနေနိုင်သည့် POC ပမာဏ $1 million to 10 million အကြားရှိမည်ဟု ခန့်မှန်းဖော်ထုတ်ရရှိခြင်း။ |

**<u>ဇယား(၄)</u>**

၂၃။ ပြည်တွင်းအခွန်များဦးစီးဌာန အနေဖြင့် အခွန်ရှောင်ရှားခြင်း၊ အခွန်လျှော့နည်းပေးဆောင်ခြင်း၊ အခွန်ဆိုင်ရာသတင်းအချက်အလက်များ လွဲမှားဖော်ပြခြင်းနှင့် အခွန်ရှောင်တိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများပါဝင်သော အများပြည်သူ သိရှိလိုက်နာရန်သတ်မှတ်ချက် (Public Ruling) (၃/၂၀၂၂) အား ၁၆-၁၁-၂၀၂၂ ရက် နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ Public Ruling တွင် အခွန်ရှောင်တိမ်းမှု(Tax Evasion) ကျူးလွန်သူများသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေဖြင့် အရေးယူခံရမည့်အပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရလည်း ထပ်မံတရားစွဲဆိုခံရနိုင်ကြောင်းဖော်ပြပါရှိပါသည်။ အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်(Public Ruling)အား နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ website တွင် လည်းကောင်း ထည့်သွင်းအသိပေးခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်အားလုံးရှိ အခွန်ရုံးများမှတစ်ဆင့် အခွန်ထမ်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအား ဖိတ်ကြား၍ အသိပညာပေးရှင်းလင်းပွဲများ ဆောင်ရွက်ခဲ့ပါသည်။ ၁-၁-၂၀၂၃ ရက်နေ့မှစတင်၍ အဆိုပါ (Public Ruling)ပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်မှု မရှိပါကအခွန်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည့်အပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရလည်း ဆက်လက်အရေးယူဆောင်ရွက်သွားမည် ဖြစ်သည့် အတွက်အနာဂါတ်တွင် အခွန်တိမ်းရှောင်မှုနှင့် အခွန်ဆိုင်ရာပြစ်မှုများနှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်များကိုလည်း လျှော့ကျစေနိုင်မည်ဟု အကဲဖြတ်ရပါသည်။

၂၄။ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သည် “တာဝန်ယူမှုရှိသောစီးပွားရေးလုပ်ငန်းများဖြစ်စေရေးနှင့် သဘာဝသယံဇာတဖွံ့ဖြိုး တိုးတက်ရေးကော်မတီ”ကို သက်ဆိုင်ရာအသင်းအဖွဲ့များဖြင့်ပါဝင်ဖွဲ့စည်းပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အားကျိုးမာန်တက် ပါဝင်ဆောင်ရွက်ခြင်းကြောင့်စီးပွားရေးလုပ်ငန်းများသည် ဆုံးရှုံးနိုင်ခြေအန္တရာယ်များအပေါ် ပိုမိုနားလည်သိရှိ၍ လိုက်နာဆောင်ရွက်လာကြပါသည်။ မြန်မာနိုင်ငံတော်အစိုးရသည် ငွေကြေးခဝါချမှုကို မဖြစ်ပေါ်စေရန်၊ အဂတိလိုက်စားမှုကို လျှော့ချနိုင်ရန်နှင့် တရားမဝင်ကုန်သွယ်မှုများမှ ငွေကြေးခဝါချခြင်းများကိုမဖြစ်စေရန် ကုန်စည်များတင်ပို့ခြင်းကို ပါမစ်ဖြင့်ခွင့်ပြုပြီး ၎င်းကုန်စည်တင်ဆောင်သည့်ယာဉ်ကို QR Code စနစ်ဖြင့် ဆောင်ရွက်ခြင်းကြောင့် သက်ဆိုင်ရာအခွန်ဌာန၊ FDA၊ စားသုံးသူကာကွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ထိတွေ့မှုမရှိဘဲစိစစ်နိုင်အောင် ဆောင်ရွက်ထားပါသည်။ ပို့ကုန်လုပ်ငန်းရှင်များသည် အဆိုပါစည်းမျဉ်းအပေါ် အပြည့်အဝလိုက်နာဆောင်ရွက်ကြပါသည်။

### ၅.၁.၂ ပြစ်မှုကျူးလွန်ရာမှရရှိသောငွေကြေးနှင့်ပစ္စည်းများပြည်ပသို့စီးထွက်မှု (Outbound Flow of POCs)

၂၅။ ကော်မတီ၏ အကဲဖြတ်ချက်အရ မူးယစ်ဆေးဝါးမှုနှင့် အဂတိလိုက်စားမှုမှ ထွက်ရှိသော POC များသည် ကုမ္ပဏီအဖွဲ့အစည်းများမှတစ်ဆင့် ပြည်ပသို့ အများဆုံးစီးထွက်နိုင်ကြောင်း အကဲဖြတ်ခဲ့ပါသည်။ ပြည်တွင်းရှိ မူးယစ်ဆေးဝါးနှင့် အဂတိလိုက်စားမှုမှ ထွက်ရှိသော ငွေကြေးနှင့် ပစ္စည်းများကို ကုမ္ပဏီအဖွဲ့အစည်းများ၏ တရားဝင်ငွေကြေးများနှင့်ရောနှော၍ လည်းကောင်း၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကို တလွဲအသုံးပြု၍လည်းကောင်း ကုမ္ပဏီအဖွဲ့အစည်း များ၏ ငွေပေးချေမှုလမ်းကြောင်းများ၊ ကုန်သွယ်မှုလမ်းကြောင်းများမှ တစ်ဆင့် ပြည်ပသို့ စီးထွက်နိုင်ကြောင်း အကဲဖြတ်ခဲ့ပါသည်။ ကော်မတီ၏ အကဲဖြတ်ချက်များနှင့် စစ်တမ်းများအရ ကုမ္ပဏီအဖွဲ့အစည်းများမှတစ်ဆင့် ပြည်ပသို့စီးထွက်သည့် POC များသည် နယ်စပ်ကုန်သွယ်မှုအများဆုံး ပြုလုပ်သည့်နိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ အများဆုံးစီးထွက်နိုင်ကြောင်း အကဲဖြတ်ခဲ့ပါသည်။

### ၅.၁.၃ ပြစ်မှုကျူးလွန်ရာမှရရှိသောငွေကြေးနှင့်ပစ္စည်းများ ပြည်ပသို့စီးထွက်မှု (Outbound Flow of POCs)

၂၆။ ကော်မတီ၏ အကဲဖြတ်ချက်အရ ပြည်ပမှ ကုမ္ပဏီအဖွဲ့အစည်းများအတွင်းသို့ စီးဝင်သည့် POC များသည် မူးယစ်ဆေးဝါးမှု၊ အဂတိလိုက်စားမှုနှင့် လိမ်လည်မှုများမှ ထွက်ရှိသော POC များဖြစ်နိုင်ကြောင်း အကဲဖြတ်ထားပါသည်။ ပြည်ပမှ POC များသည် ပြည်တွင်းရှိ ကုမ္ပဏီအဖွဲ့အစည်းများထံ ကုန်သွယ်မှုလမ်းကြောင်းများ၊ ငွေပေးချေမှုလမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်လာနိုင်ကြောင်း အကဲဖြတ်ထားပါသည်။ ပြည်တွင်းရှိ ကုမ္ပဏီအဖွဲ့အစည်းများထံ ပြည်ပမှ ဝင်ရောက်သည့် POC များသည် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများမှ အများဆုံးဝင်ရောက်နိုင်ကြောင်း အကဲဖြတ်ထားပါသည်။

## ၆ ငွေကြေးခဝါချမှုဆိုင်ရာအားနည်းချက်အကဲဖြတ်ချက် (Vulnerabilities Assessment)

၂၇။ ကုမ္ပဏီအဖွဲ့အစည်းများတွင် တည်ရှိနေနိုင်သည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်မြင့်မားမှုနှင့်စပ်လျဉ်း၍ ကုမ္ပဏီအဖွဲ့အစည်းများ၏ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်(Beneficial Owners)ဆိုင်ရာ သတင်းအချက်အလက်အပြည့်အစုံကို ကြီးကြပ်ရေး အာဏာပိုင်များနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက အချိန်နှင့်တစ်ပြေးညီ ရရှိစေခြင်းဖြင့် လျှော့ချနိုင်ပါသည်။

၂၈။ ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)ရှိ အားနည်းချက်များကို အကဲဖြတ်ဆောင်ရွက် ရာတွင် ၂၀၁၈ ခုနှစ် အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်ရလဒ်များကို အခြေခံ၍ လည်းကောင်း၊ ထပ်မံ Update ပြုလုပ်၍ လည်းကောင်း၊ သဘောထားစစ်တမ်းများ၊ သက်ဆိုင်ရာ ဌာနများမှ ပညာရှင်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိသော အချက်အလက်များကို ပေါင်းစပ်၍ လည်းကောင်း အကဲဖြတ်ဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်းမေးခွန်းလွှာများကို ငွေကြေး

ဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့ အပါအဝင် ပြည်တွင်းပြည်ပရှိ ကျွမ်းကျင်သူပညာရှင်များထံ ဖြန့်ဝေခဲ့ရာ စစ်တမ်း(၉၃)ခု စုဆောင်း ရရှိခဲ့ပါသည်။

၂၉။ အားနည်းချက်ဖြစ်နိုင်ခြေများအကဲဖြတ်ဖော်ထုတ်ရာတွင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ အကဲဖြတ်မှုနည်းပုံစံကိုအခြေခံ၍ အောက်ပါအတိုင်း အကဲဖြတ်ထားပါသည်-

| ဆုံးရှုံးနိုင်ခြေအန္တရာယ် မြင့်မားသည့်ဖြစ်ရပ်ဖြစ်နိုင်ခြေ High-Level Risk Event Likelihood | ဆုံးရှုံးနိုင်ခြေအန္တရာယ် ဖြစ်ရပ်များအပေါ်အထောက် အပံ့ဖြစ်စေသည့် ဖြစ်ရပ်ဖြစ်နိုင်ခြေ Contributing Risk Event Likelihood | ဆုံးရှုံးနိုင်ခြေအန္တရာယ် ခွဲခြမ်းစိတ်ဖြာမှုမော်ဂျူး Risk Analysis Modules |
|---|---|---|
| ငွေကြေးခဝါချသူများအား ဖမ်းဆီးရမိနိုင်မှုမရှိခြင်း ML Attempted | ငွေကြေးခဝါချမှုများကို ဖော်ထုတ်သိရှိနိုင်မှုမရှိခြင်း ML not being detected | ကုမ္ပဏီအဖွဲ့အစည်းများ၏ ပွင့်လင်းမြင်သာမှု Transparency |
| | | ကြီးကြပ်ဆောင်ရွက်ခြင်း Supervision |
| | | လွှဲပြောင်းဆောင်ရွက်မှုဆိုင်ရာသတင်းပို့ချက် ပမာဏနှင့်အရည်အသွေး Transaction Reporting Volume & Quality |
| | ငွေကြေးခဝါချမှုများကို စုံစမ်း စစ်ဆေးနိုင်မှုမရှိခြင်း ML not being investigated | ကုမ္ပဏီအဖွဲ့အစည်းများ၏ မှတ်တမ်းမှတ်ရာများ ထိန်းသိမ်းခြင်း Record Keeping |

<u>ဇယား (၅)</u>

## ၆.၁ အားနည်းချက်ဖြစ်နိုင်ခြေခြုံငုံသုံးသပ်ချက် (Overview of Vulnerabilities Likelihood)

၃၀။ ငွေကြေးခဝါချမှုများ ဖော်ထုတ်သိရှိမှုမရှိခြင်း၊ စုံစမ်းစစ်ဆေးနိုင်မှုမရှိခြင်းများ မြင့်မားခြင်းကြောင့် ငွေကြေးခဝါချသူများအား ဖမ်းဆီးရမိနိုင်မှုဖြစ်နိုင်ခြေမြင့်မားသဖြင့် ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)ရှိ ငွေကြေးခဝါချမှုဆိုင်ရာအားနည်းချက် (Vulnerabilities) အဆင့်မှာ မြင့်သည် "Higher" ဟု အကဲဖြတ်ထားပါသည်။ ငွေကြေးခဝါချမှုများ ဖော်ထုတ်သိရှိ နိုင်မှုနှင့် စုံစမ်းစစ်ဆေးနိုင်မှုအားနည်းခြင်းများမှာ ကုမ္ပဏီအဖွဲ့အစည်းများ၏ ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ ကြီးကြပ်မှုအားနည်းခြင်း၊ လွှဲပြောင်းဆောင်ရွက်မှုဆိုင်ရာ သတင်းပို့ချက် ပမာဏနှင့် အရည်အသွေးများ အားနည်းခြင်း၊ မှတ်တမ်းမှတ်ရာများ ထိန်းသိမ်းရာတွင် အားနည်းခြင်းများကြောင့် ဖြစ်ပါသည်။

| Types | ကုမ္ပဏီအဖွဲ့အစည်းများ၏ ပွင့်လင်းမြင်သာမှု Transparency | ကြီးကြပ်ဆောင်ရွက်ခြင်း Supervision | လွှဲပြောင်းဆောင်ရွက်မှုဆိုင်ရာသတင်းပို့ချက် ပမာဏနှင့် အရည်အသွေး Transaction Reporting Volume & Quality | ကုမ္ပဏီအဖွဲ့အစည်းများ၏ မှတ်တမ်းမှတ်ရာများ ထိန်းသိမ်းခြင်း Record Keeping |
|---|---|---|---|---|
| **Legal Persons** (Companies & Association) | **Medium** | **Medium** | **Higher** | **Higher** |
| NGOs/INGOs | **Higher** | **Higher** | **Higher** | **Higher** |
| **Total Risk Score** | **Higher** | **Higher** | **Higher** | **Higher** |

**ဇယား (၆)**

## ၆.၂ ငွေကြေးခဝါချမှုများကို ဖော်ထုတ်သိရှိနိုင်မှုမရှိခြင်း(2a)

၃၁။ ကုမ္ပဏီအဖွဲ့အစည်းများ၏ ပွင့်လင်းမြင်သာမှု၊ ကြီးကြပ်ဆောင်ရွက်မှုနှင့် လွှဲပြောင်းဆောင်ရွက်မှုဆိုင်ရာ သတင်းပို့ချက်ပမာဏနှင့် အရည်အသွေးများအားနည်းခြင်းများကြောင့် ငွေကြေးခဝါချမှုများကို ဖော်ထုတ်သိရှိခြင်း မရှိမှုဖြစ်နိုင်ခြေ မြင့်သည် “Higher” ဟု အကဲဖြတ်ထားပါသည်။

### ၆.၂.၁ ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)၏ ပွင့်လင်းမြင်သာမှု(RAM-F)

၃၂။ ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)၏ပွင့်လင်းမြင်သာမှုနှင့်စပ်လျဉ်း၍ တလွဲအသုံးပြုနိုင်ခြေအန္တရာယ်မှာ အလယ်အလတ် “Medium” ရှိမည်ဟု အကဲဖြတ်ထားပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အောက်ပါ ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်ကို မြင့်မားစေသည့် အကြောင်းအရင်းများ (Main Factors Increasing Score)ကြောင့်ဖြစ်မည်ဟု အကဲဖြတ်ရပါသည် -

(က) ကုမ္ပဏီများ၏ ဖွဲ့စည်းပုံကြီးမားရှုပ်ထွေးမှုများ ရှိခြင်း။

( ခ ) နိုင်ငံခြားလုပ်ငန်းခွဲများ ပြည်တွင်းတွင်ရှိခြင်း။ (၃၄)ခုခန့်။

( ဂ ) နိုင်ငံခြားသားအမည်ဖြင့် ဖြစ်စေ၊ နိုင်ငံခြားကုမ္ပဏီ အမည်ဖြင့် ဖြစ်စေ ကုမ္ပဏီတည်ထောင်ထားမှု များပြားခြင်း။ (၄၀၆)ခုခန့်။

(ဃ) သဏ္ဌာန်ဆောင်ကုမ္ပဏီ Shell Companies များ ရှိခြင်း။

( င ) အမည်အတု၊ မှတ်ပုံတင်အတုများဖြင့် ကုမ္ပဏီများတည်ထောင်ခြင်း။

( စ ) ပြည်ပကုမ္ပဏီများ၏ အမည်များဖြင့် ဆင်တူသော အမည်များဖြင့် ကုမ္ပဏီများတည်ထောင်ခြင်း။

(ဆ) ကုမ္ပဏီများမှတ်ပုံတင်ရာ၌ တင်ပြသည့် အထောက်အထား စာရွက်စာတမ်းများအား အတည်ပြုခြင်း(Verification)လုပ်ငန်းစဉ်ကို တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ခြင်း။

( ဈ ) NGO/INGO များ၏ အကျိုးခံစားခွင့်ရှိသူပိုင်ရှင် ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ ရယူနိုင်မှုနည်းပါးခြင်း။

( ည ) ကုမ္ပဏီအဖွဲ့အစည်းများနှင့် ယင်းတို့၏မူရင်းပိုင်ရှင်များအပေါ် ပြစ်မှုကြောင်းအရ တာဝန်ရှိစေမှု(Criminal Liability)ဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေမှတစ်ပါး အခြားတည်ဆဲဥပဒေများတွင် အတိအလင်းပြဋ္ဌာန်းထားမှု မရှိခြင်း။

၃၃။ ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်ကို လျော့ကျစေသည့်အချက် (Reducing Factors) များမှာ အောက်ပါအတိုင်းဖြစ်မည်ဟု အကဲဖြတ်ထားပါသည် -

(က) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အင်တာနက် www.mico.dica.gov.mm တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများနှင့် ပတ်သက်၍ ပိုင်ရှင်အမည်၊ ရှယ်ယာရှင်အမည်များ အလွယ်တကူ ကြည့်ရှုနိုင်ခြင်း။

( ခ ) ဥပဒေအရ အစုရှယ်ယာပိုင်ဆိုင်သူ (Share Holder)ကိုသာ ခွင့်ပြုထားပြီး အမည်ခံရှယ်ယာ (Nominee Share)များကို ခွင့်ပြုမထားခြင်း။

( ဂ ) အမည်ခံဒါရိုက်တာများခွင့်မပြုကြောင်းနှင့် ကုမ္ပဏီတွင်ပါဝင်သူများကို အမည်ခံအစုရှယ်ယာရှင်များအဖြစ် ခွင့်မပြုကြောင်း” ညွှန်ကြားချက်ထုတ်ပြန်ထားရှိခြင်း။

(ဃ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇) ပုဒ်မ ၁၁၃ အရ ကုမ္ပဏီ၏ အစုရှယ်ယာမတည် ငွေရင်းပြောင်းလဲပါက ၂၁ ရက်အတွင်း မှတ်ပုံတင်အရာရှိထံတင်ပြရခြင်း။

(ဃ) ကုမ္ပဏီများ၏ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက် ပြောင်းလဲမှုရှိပါက အကြောင်းကြားရခြင်း။

( င ) ၂၀၂၂ ခုနှစ် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၇ နှင့် ၁၇ တို့အရ NGO၊ INGOs များ မှတ်ပုံတင်ရာတွင် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ အချက်အလက်များ ဖော်ပြရန် ပြဋ္ဌာန်းပါရှိခြင်း။

### ၆.၂.၁.၁ ကုမ္ပဏီများ

၃၄။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက မှတ်ပုံတင်ဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး အီလက်ထရောနစ်မှတ်ပုံတင်စနစ် Myanmar Companies Online – MyCO စနစ်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် စတင်အသုံးပြုခဲ့ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မြန်မာနိုင်ငံတွင် အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့်အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ၊ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၊ အစုရှယ်ယာ မတည်ငွေရင်း

မရှိသော ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ၊ အစုရှယ်ယာ မတည်ငွေရင်း မရှိသောခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ(အသင်း)၊ ပြည်ပကော်ပိုရေးရှင်း စသည့် ကုမ္ပဏီအမျိုးအစား(၅)မျိုး ခွင့်ပြုထားပါသည်။ ကုမ္ပဏီအမျိုးအစားအလိုက် ၁-၁၀-၂၀၂၁ ရက်နေ့မှ ၃၀-၉-၂၀၂၂ ရက်နေ့အထိ မှတ်ပုံတင်ထားသည့်အရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ကုမ္ပဏီအမျိုးအစားများ | အရေအတွက် |
|---|---|---|
| ၁ | အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့်အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ Private Company Limited by Shares | ၁၁၈၆၅ |
| ၂ | အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ Public CompanyLimited by Shares | ၆ |
| ၃ | အစုရှယ်ယာမတည်ငွေရင်းမရှိသော ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ Public Company Limited by Guarantee | ၁၅ |
| ၄ | အစုရှယ်ယာမတည်ငွေရင်းမရှိသော ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ် ထားသည့် ကုမ္ပဏီ (အသင်း) Public Company Limited by Guarantee (Association) | ၈ |
| ၅ | ပြည်ပကော်ပိုရေးရှင်း Oversea Corporation | ၃၄ |
| | **စုစုပေါင်း** | **၁၁၉၂၈** |

**ဗယား(၇)**

၃၅။ ကုမ္ပဏီများမှတ်ပုံ တင်ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ အင်တာနက် www.mico.dica.gov.mm တွင် MyCo Account ဖွင့်လှစ်၍ ဆောင်ရွက်ရပါသည်။ ယင်းလိပ်စာတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများနှင့် ပတ်သက်၍ ပိုင်ရှင်အမည်၊ ရှယ်ယာ ရှင်အမည်များ၊ လိပ်စာများအား အလွယ်တကူ ကြည့်ရှုနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အစုရှယ်ယာပိုင်ဆိုင်သူ (Share Holder)ကိုသာ ခွင့်ပြုထားပြီး အမည်ခံရှယ်ယာ (Nominee Share)များကို ခွင့်ပြုထားခြင်းမရှိပါ။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၁၇-၁-၂၀၂၃ ရက်နေ့တွင် ညွှန်ကြားချက်အမှတ်(၇/၂၀၂၃) ဖြင့် “အမည်ခံဒါရိုက်တာများ ခွင့်မပြုကြောင်းနှင့် ကုမ္ပဏီတွင်ပါဝင်သူများကို အမည်ခံအစုရှယ်ယာ ရှင်များအဖြစ် ခွင့်မပြုကြောင်း” ညွှန်ကြားချက်ထုတ်ပြန်တားမြစ်ထားပါသည်။

၃၆။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်အရာရှိထံ တင်ပြထားသော၊ ကုမ္ပဏီတွင် ထိန်းသိမ်းထားသော ကုမ္ပဏီတွင်ပါဝင်သူများ၏မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်စာရင်းရေးသွင်း ထားသောလူပုဂ္ဂိုလ်အား အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အဖြစ် သတ်မှတ်ထားပါသည်။ ကုမ္ပဏီများ၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များကို မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၄၂၁ အရ မည်သူမဆို အခကြေးငွေဖြင့် ကြည့်ရှုနိုင်ပါသည်။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ(၂၀၁၇) ပုဒ်မ ၁၁၃ အရ ကုမ္ပဏီ၏ အစုရှယ်ယာမတည် ငွေရင်းပြောင်းလဲပါက ၂၁ ရက် အတွင်း မှတ်ပုံတင်အရာရှိထံ တင်ပြရပါသည်။

၃၇။ မြန်မာနိုင်ငံတွင်ရှိသည့် ကုမ္ပဏီ(၅)မျိုးအနက် အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ (Private Company Limited by Shares)မှာ အများဆုံး ဖြစ်ပြီး အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ (Public CompanyLimited by Shares)မှာ အနည်းဆုံးဖြစ်ပါသည်။ ပထဝီဒေသအလိုက် တည်ရှိမှု အနေဖြင့် အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ (Private Company Limited by Shares) များမှာ ရန်ကုန်နှင့် မန္တလေးတွင် အများဆုံးတည်ရှိပြီး နေပြည်တော်တွင် တတိယအများဆုံးတည်ရှိပါသည်။

| State/Region | Private Ltd by Share | Public Ltd by Share | Ltd by Guarantee | Association | Oversea Corporation | Total |
|---|---|---|---|---|---|---|
| Yangon Region | 6120 | 6 | 13 | 1 | 28 | 6168 |
| Nay Pyi Taw | 502 | - | - | 2 | - | 504 |
| Mandalay Region | 1337 | - | - | 2 | 2 | 1341 |
| Ayawaddy Region | 216 | - | - | - | - | 216 |
| Bago Region | 241 | - | - | - | - | 241 |
| Sagaing Region | 218 | - | - | - | 1 | 219 |
| Taninthari Region | 212 | - | - | - | - | 212 |
| Magwe Region | 215 | - | - | 1 | - | 216 |
| Kachin State | 284 | - | - | 2 | - | 286 |
| Kaya State | 31 | - | - | - | - | 31 |
| Kayin State | 247 | - | - | - | - | 247 |
| Chin State | 180 | - | - | - | - | 180 |
| Mon State | 271 | - | - | - | - | 271 |
| Shan State | 276 | - | - | 2 | - | 278 |
| Rakhine State | 313 | - | - | - | 1 | 314 |
| **Total** | **10663** | **6** | **13** | **10** | **32** | **10724** |

**ဇယား(၈)**

၃၈။ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ အီလက်ထရောနစ် မှတ်ပုံတင်စနစ် Myanmar Companies Online – MyCO စနစ်တွင် ဖွဲ့စည်းမှတ်ပုံတင်ခွင့်တင်ပြခဲ့သော ကုမ္ပဏီများအနက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို လိုက်နာ လျက်ရှိသော ကုမ္ပဏီ (၁၀၇၁၁) ခုနှင့် ဥပဒေကိုလိုက်နာရန် ပျက်ကွက်သဖြင့် မှတ်ပုံတင်အရာရှိမှ ဆိုင်းငံ့ခြင်း/ပယ်ဖျက်ခြင်း စသည်ဖြင့် ဖော်ပြထားသည့် ကုမ္ပဏီ(၁၂၁၇) ခုရှိပါသဖြင့် အဆိုပါ တစ်နှစ်တာကာလအတွင်း ကုမ္ပဏီ စုစုပေါင်း (၁၁၉၂၈) ခုရှိပါသည်။ နယ်စပ်ဒေသများနှင့် ထိဆက်လျက်ရှိသည့် ဒေသများဖြစ်သည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်များတွင် ပျမ်းမျှ ကုမ္ပဏီ ၂၀၀ ကျော်ခန့်စီ ရှိသော်လည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ကောင်းမွန်စွာ လည်ပတ် နိုင်မှု မရှိခြင်း၊ ဖွဲ့စည်းပုံကြီးမားရှုပ်ထွေးသောလုပ်ငန်းများ မရှိခြင်း တို့ကြောင့် ငွေကြေးခဝါချမှု ဆိုင်ရာတလွဲအသုံးပြုမှုဖြစ်နိုင်ခြေများ နည်းပါးမည်ဟု ခန့်မှန်းရပါသည်။ သို့သော် လက်နက်ကိုင်